မြတ်စွာဘုရား၏

တပည့်သားစစ်ဖြစ်တော်မူသော

ရွှေတောင်မြို့

အမ္ဗာရာမတိုက်၌ သီတင်းသုံးနေတော်မူသော

## အရှင်ဦးတိက္ခိန္ဒြိယ သည်

သံသရာဝဲသြဃမှ လွတ်မြောက်လိုသော

သူတော်ကောင်းတို့ကို ထွက်မြောက်စေလိုခြင်း အကျိုးငှာ

စီရင်ရေးသားအပ်သော

# ဝေဒနာနုပဿနာကျမ်း

၁၃၃၈ ခု၊ တော်သလင်းလဆန်း၊ ၉-ရက်နေ့တွင်

ပြီးမြောက်သည်။

( ၁-၉-၇၆ )

မြတ်စွာဘုရား၏

တပည့်သားစစ်ဖြစ်တော်မူသော

ရွှေတောင်မြို့

အမ္ဗာရာမတိုက်၌ သီတင်းသုံးနေတော်မူသော

## အသျှင် ဦးတိက္ခိန္ဒြိယ သည်

သံသရာဝဲဩဃမှ လွတ်မြောက်လိုသော

သူတော်ကောင်းတို့ကို ထွက်မြောက်စေလိုခြင်း အကျိုးငှာ

စီရင်ရေးသားအပ်သော

# ဝေဒနာနုပဿနာကျမ်း

တတိယနှိပ်ခြင်း၊ စာအုပ်ရေ (၂၀၀၀)

(ဓမ္မဒါန)

ဘာသာရေးဆိုင်ရာ

စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၈၈၆၁)

မျက်နှာဖုံး ပြည်သူ့မိတ်ဆွေ ၂၄၈၁၁

စာအုပ်ရေ (၂၀၀၀)

တတိယအကြိမ်....စက်တင်ဘာလ

ထုတ်ဝေသူ။ ။ ဒေါက်တာ-ရွှေလှ
ကင်းလွတ်ခွင့်အမှတ် (၀၃၄၁၉)
အမှတ်-၁၇၉၊၅၁-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ ဒေါ်ကျင်ပု
မှတ်ပုံတင်အမှတ် မြ(၀၁၈၉၄)
ပြည်သူ့မိတ်ဆွေ စာပုံနှိပ်တိုက်
အမှတ်-၁၆၆-၄၆၊လမ်း၊ရန်ကုန်။

အသျှင်ဦးတိက္ခိန္ဒြိယ၏ ပုံတော်



ယခုပစ္စုက္ခဘဝ၌ ကျွတ်ထိုက်သူ ဝေနေယျအပေါင်းကို
သောတာပန် သကဒါဂါမ်-အနာဂါမ်-ရဟန္တာအဖြစ်ရောက်ရန်
အမြို့မြို့သို့လှည့်လည်၍ တရားဓမ္မဟောခဲ့သည်။

# နိဒါန်း

အတုမရှိ သီလ, သမာဓိ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို သံသရာဝဲ ဩဃထဲမှ ထုတ်ဆောင်တော် မူတတ်သော မြတ်စွာဘုရား၏ အဆုံးအမ ဒေသနာတော်ဖြစ်သော ဝေဒနာတရားတို့ကို သုံးသပ်ဆင်ခြင်အပ်သော နည်းလမ်းသည် အလွန်ငုပ်နေသောကြောင့်၊ အများပညာရှိ သူတော်ကောင်းတို့ သုံးသပ်ဆင်ခြင် အားထုတ်နိုင်စေခြင်းငှာ၎င်း၊ ကျွတ်ထိုက်သော သူတို့ မဂ်, ဖိုလ်ကို ရကြစေခြင်းငှာ၎င်း၊ ဘုရားရှင်၏ ပဋိပတ္တိ, ပဋိဝေဓ သာသနာတော်မြတ် ထွန်းလင်းစေခြင်းငှာ၎င်း၊ ဤ အကျိုးတရား သုံးပါးကို အမှီပြု၍ ဤ (ဝေဒနာနုပဿနာကျမ်း) ကို ရေးသားရခြင်း ဖြစ်လေသည်။ ထို ဝေဒနာနုပဿနာကျမ်းကို ကြည့်ရှုကြကုန်သော သူတော်ကောင်းတို့သည် ၎င်းဝေဒနာ တရားတို့ကို သုံးသပ်ဆင်ခြင်ကြ၍ မဂ်, ဖိုလ်သို့ ရောက်နိုင်ကြစေကုန် သတည်း။

နိဒါန်းပြီးပြီ။

# ဝေဒနာနုပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦးအစ ပထမ။

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ၊
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။ ။

ဝေဒနာသံယုတ်ပါဠိတော်၌ ဘုရားရှင် ဟောတော်မူအပ်၏။ မြန်မာပြန်ကား။ ။သော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ ခံစားတတ်သော ဝေဒနာတို့ကို။ ပရိညာယ၊ ဉာတပရိညာဉ်, တီရဏပရိညာဉ်, ပဟာနပရိညာဉ်တို့ဖြင့် ပိုင်းခြား၍ သိခြင်းကြောင့်။ ဒိဋ္ဌေဓမ္မေ၊ ဤမျက်မှောက်သော ကိုယ်ခန္ဓာ အဖြစ်၌။ အနာသဝေါ၊ အာသဝေါကင်းသော။ ဝါ၊ အာသဝ မရှိသော ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ဓမ္မဋ္ဌော၊ သတ္တဝါ အသက်မဟုတ်သော ပရမတ္ထ သဘောမျှသာဖြစ်သော နိဗ္ဗာန် အာရုံ၌ တည်သည်။ ဝါ၊ တနည်းကား၊ ဓမ္မဋ္ဌော၊ သတ္တဝါ အသက်မဟုတ်သော ပရမတ္ထ သဘောမျှသာဖြစ်သော အရဟတ္တ ဖိုလ်တရား၌ တည်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ချံ၊ ရာဂဖြင့် တပ်တတ်သောသူ, ဒေါသဖြင့် ပြစ်မှားတတ်သောသူ, မောဟ ဖြင့် တွေဝေတတ်သော သူဟူ၍ ခေါ်ဝေါ်ခြင်းသို့။ နောပေတိ—နဥပေတိ၊ မရောက်။ ဝေဒဂူ၊ နိဗ္ဗာန်ကို သိပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည်။ ကာယဿ၊ ရှိရင်း ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ပြီးသည်မှ။ ပရံ၊ နောက်ကာလ၌။ အနုပ္ပန္နတ္တာ၊ တဘန်

 (တတိယနှိပ်ခြင်း)

ခန္ဓာဖြစ်မှု မရှိသည်၏ အဖြစ်ကြောင့်။ သချ်ို၊ လူ, နတ် ဗြဟ္မာ သတ္တဝါဟူ၍ ခေါ်ဝေါ်ခြင်းသို့။ နောပေတိ-နဥပေတိ၊ မရောက်။

## အဓိပ္ပါယ်ကား။

အကြင် ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ခံစားတတ်သော ဝေဒနာတရားတို့ကို။ ဥာတပရိညာဉ်, တီရဏ ပရိညာဉ် စသည်တို့ဖြင့်။ ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိခြင်းကြောင့်။ ဤမျက်မှောက်သော ကိုယ်အဖြစ်၌ အာသဝေါကင်းသော ရဟန္တာဖြစ်ပြီးလျှင် နိဗ္ဗာန်တရားတည်းဟူသော အာရုံ၌ တည်၏။ ဝါ၊ အရဟတ္တဖိုလ်၌ တည်၏။ ထိုသို့တည်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို၊ ရာဂဖြင့် တပ်တတ်သောသူ၊ ဒေါသဖြင့် ပြစ်မှားတတ်သောသူ၊ မောဟဖြင့် တွေဝေတတ်သော သူဟူ၍ ခေါ်ဝေါ်ပြောဆိုခြင်းငှာ မထိုက်တော့ပြီ။ အဘယ်ကြောင့် မထိုက်လေသနည်းဟူမူ၊ ထိုရဟန္တာ ခန္ဓာအစဉ်၌ ရာဂ, ဒေါသ, မောဟတရားတို့ ကုန်ခမ်း မရှိလေခြင်းကြောင့်တည်း။ ထိုရဟန္တာဟုခေါ်ဝေါ်အပ်သော ခန္ဓာငါးပါး ချုပ်ကွယ်ပြီးနောက်လည်း။ ထိုနိဗ္ဗာန်ကိုသိပြီးသော ရဟန္တာပုဂ္ဂိုလ်ကို၊ လူ, နတ်, ဗြဟ္မာဟူ၍လည်း တဖန် မခေါ်ဝေါ်ထိုက်ပြီ။ အဘယ်ကြောင့်ဆိုသော်၊ တဖန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့၌ ခန္ဓာဖြစ်မှု မရှိသည်၏ အဖြစ်ကြောင့်တည်း။ ဤကား ဘုရားရှင်၏ အလိုတော် အဓိပ္ပါယ်တည်း။

(အဘိညာ-ပုဒ်ကို အဘိညာဉ်ဟု ပြန်ဆိုသကဲ့သို့၊ ပရိညာ-ပုဒ်ကို ပရိညာဉ်ဟု ပြန်ဆိုပါသည်)

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏ ဒေသနာတော်နှင့်အညီ ဝေဒနာတရားတို့ကို ဥာတ ပရိညာဉ်၊ တီရဏ ပရိညာဉ်၊ ပဟာနပရိညာဉ်တို့ဖြင့် သုံးသပ် ဆင်ခြင်၍၊ အာသဝေါတရား ကုန်ခမ်းပြီးလျှင် ရဟန္တာအဖြစ်သို့ ရောက်လိုကုန်သော သူတော်ကောင်းတို့သည်။ ဤပြဆိုလတ္တံ့သော နည်းအတိုင်း အားထုတ်ကုန်ရာ၏။

## ဝေဒနာစစ်တမ်း။

ဝေဒနာဆိုအပ်သည်မှာ၊ တခြားတရားကို မဆိုအပ်၊ မြန်မာလူမျိုးတို့ ဝေါဟာရအားဖြင့် ခံစားတတ်သော သဘောတရားကို ဆိုအပ်သည်။ ထိုခံစားတတ်သော သဘောသည်၊ သာမညအားဖြင့် တပါးတည်းပင် ဖြစ်သော်လည်း။ ဝိသေသအားဖြင့် အာရုံ၏ အရသာကို ရွှင်ရွှင်လန်းလန်း သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခဝေဒနာလည်း တပါး။ အာရုံ၏ အရသာကို နှောက်နှောက်ကျုကျု ပူပူပင်ပင် မသက်မသာ ဆင်းရဲစွာဖြင့် ခံစားတတ်သော ဒုက္ခဝေဒနာလည်း တပါး။ သာယာချမ်းမြေ့သည်လည်း မဟုတ်။ မသက်မသာ ဆင်းရဲသည်လည်း မဟုတ်။ အလယ်အလတ်ဖြစ်၍ ခံစားတတ်သော အဒုက္ခ, မသုခ ဝေဒနာလည်း တပါး။ ဤသို့လျှင် ဝေဒနာသုံးပါး အပြားရှိ၏။

ထိုသုံးပါးသော ဝေဒနာတို့သည်။ ရံခါ ရူပါရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ရံခါ သဒ္ဒါရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ရံခါ ဂန္ဓာရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ရံခါ

ရသာရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ရံခါ ဖောဋ္ဌဗ္ဗာရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ရံခါ ဓမ္မာရုံကို အကြောင်းပြု၍ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့် အာရုံ၏ အစွမ်းအားဖြင့် (၁၈)ပါးသော ဝေဒနာ တရားတို့သည် ဖြစ်ကုန်၏။ ထို(၁၈) ပါးသော ဝေဒနာတရားတို့သည်၊ မိမိအဇ္ဈတ္တသန္တာန်ကို စွဲ၍လည်း ဖြစ်ကုန်၏။ သူတပါးဟု ဆိုအပ်သော အပဖြစ်သော ဗဟိဒ္ဓသန္တာန်ကိုစွဲ၍လည်း ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၏ အစွမ်းအားဖြင့် (၃၆)ပါးသော ဝေဒနာတရားတို့သည် ဖြစ်ကုန်၏။ အတိတ်ကာလ၌လည်း (၃၆)ပါး၊ အနာဂတ် ကာလ၌လည်း (၃၆)ပါး၊ ပစ္စုပ္ပန်ကာလ၌လည်း (၃၆)ပါး။ ဤသို့လျှင် ကာလ၏ အစွမ်းအားဖြင့် (၁၀၈) ပါးသော ဝေဒနာ တရားတို့သည် ဖြစ်ကုန်၏။

## ဝေဒနာတရားကို ပရိညာသုံးပါးနှင့် သုံးသပ် ပွားများပုံ

ထိုဝေဒနာ တရားတို့ကို ဉာတပရိညာဉ်ဖြင့် သုံးသပ်ဆင်ခြင်ပုံ နည်းလမ်းမှာ၊ အကြင်အခါ အာရုံခြောက်ပါးတို့တွင် တပါးပါးသော အာရုံကို အကြောင်းပြု၍ ဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်ပေါ်ခဲ့အံ့။ ထိုဖြစ်ပေါ်သော ဝေဒနာကို "ပညတ်သုံးပါး"မှ အသီးထုတ်၍ ကြည့်ကြရမည်။ ကြည့်ပုံမှာ၊ ၎င်းဖြစ်ပေါ်သော ဝေဒနာတရားသည်။

အမှုန့်အမှား, အကောင်, အထည်, ဒြပ်, သဏ္ဌာန်လောဟု ကြည့်ကြလေ။ ထိုသို့ ကြည့်ကြလျှင် စင်စစ် အမှုန့်, အမှား, အကောင်, အထည်, ဒြပ်, သဏ္ဌာန် မဟုတ်သည်၏ အဖြစ်ကို ထင်ရှားသိကြ လတ္တံ့။ ထိုအခါ "သဏ္ဌာန်ပညတ်"မှ အသိး ထုတ်၍ ကြည့်သည်မည်၏။

ဇင်းဖြစ်ပေါ်သော ဝေဒနာသည် အမှုန့်အမှား, အကောင် အထည်,ဒြပ်, သဏ္ဌာန်မဟုတ်ခဲ့လျှင်၊ ဘာမျှမရှိဟု သိအပ်မည် လောဟူ၍ စဉ်းစားဆင်ခြင်ကြည့်ကြလေ။ ထိုသို့ စဉ်းစားဆင် ခြင်၍ ကြည့်ကြလျှင် ဘာမျှ မရှိဟု မသိနိုင်၊ ထင်ရှားရှိနေသည် ဟူ၍သာလျှင် စင်စစ် သိအပ်၏။ ထိုသို့သိကြလျှင် အသမူဟဟု ဆိုအပ်သော "အဘာဝပညတ်"မှ အသိး ထုတ်၍ သိသည် မည်၏။

ဇင်းဖြစ်ပေါ်နေသော ဝေဒနာသဘော၌ အမည်နာမသည် ပါရှိလေသလောဟု စဉ်းစားဆင်ခြင်၍ ကြည့်ကြလေ။ ထိုသို့ စဉ်းစားဆင်ခြင်၍ ကြည့်ကြလျှင် အမည်နာမ မပါမရှိမှန်းကို စင်စစ် သိကြလိမ့်မည်။ ထိုသို့ သိကြလျှင် "နာမပညတ်"မှ အသိးထုတ်၍ သိသည်မည်၏။

ထိုသို့ "ပညတ်သုံးပါး"မှ အသိးထုတ်၍ ကြည့်လျှင်၊ ခံစား တတ်သော သတ္တိမျှသာ ထင်ရှားရှိသည်၏ အဖြစ်ကို စင်စစ် သိကြ ရလေ၏။ ထိုသို့ သိကြသောအခါ ဝေဒနာ၏ သဘောလက္ခ ဏာကို ဉာတ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိသည်မည်၏။ ဉာတ၊ သိအပ်သော လက္ခဏာကို။ ပရိ၊ ပိုင်းဖြတ်၍။ ညာ၊ သိသော ဉာဏ်။

ထိုသို့ ပိုင်းဖြတ်၍ သိတတ်သော ဉာတ ပရိညာဉ်သည်၊ "ပညိန္ဒြေ စေတသိက်တည်း။" ထို ပညိန္ဒြေ စေ တသိက်သည် အာရုံကို ရှေ့ဆောင်သိမှု စိတ်နှင့်သာလျှင်၊ အညီအညွတ် လေးပါးသော အပြားတို့ဖြင့် ယှဉ်၍ဖြစ်၏။ ထိုစိတ်၌ ယှဉ်၍ ဖြစ်သော ဉာတ ပရိညဉ်ဟု ခေါ်ဆိုအပ်သော "ပညိန္ဒြေစေတသိက်"ကို ဟုတ်တိုင်းမှန်စွာ၊ ဝေဒနာ၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိမြင်တတ်သောကြောင့် "သမ္မာဒိဋ္ဌိ"ဟူ၍လည်း ခေါ်ဆိုအပ်သည်။ ထို"သမ္မာဒိဋ္ဌိ" ကိုပင်၊ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီး အပ်သောကြောင့် ၎င်း သမ္မာဒိဋ္ဌိကိုပင် "မဂ္ဂ"ဟူ၍လည်း ခေါ် ဆိုအပ်သည်။

တနည်း။ ။ထိုဉာတပရိညာဉ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိသည်။ ခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော ယသဘောသတ္တိ လက္ခဏာကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သော ကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကို "မဂ္ဂ"ဟု ခေါ်ဆိုအပ် လေသည်။

တနည်း။ ထို ဉာတပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိ သည်။ ထိုဝေဒနာ၏ သဘောလက္ခဏာကို ဟုတ်တိုင်းမှန်စွာ သိဆဲအခါတိုင်း၌ မိမိ၏ ဆန့်ကျင်ဘက် ဖြစ်သော ဝေဒနာ၌ အမှန့်အမှား၊ အကောင်၊ အထည်၊ ဒြပ်၊ သဏ္ဍာန်ရှိ၏ဟူသော မိစ္ဆာ အယူ စသည်တို့ကို၎င်း။ ထိုမိစ္ဆာအယူနှင့် အတူတကွ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကုန်သော မောဟ၊ လောဘ စသော ကိလေသာ တို့ကို၎င်း။ ဖြစ်ပေါ်မှုမရှိအောင် ဖျက်ဆီးပေ၏။ ထိုသို့ ဖျက် ဆီးခြင်းကြောင့် ၎င်းသမ္မာဒိဋ္ဌိသည် "မ"ဟူသော အမည်ကို

လည်း ရပေ၏။ ဟုတ်မှန်သော ဝေဒနာ၏ သဘောလက္ခဏာကို အာရုံပြု၍ ရောက်တတ်သောကြောင့် "ဂ"ဟူသော အမည်ကို လည်း ရပေ၏။ ထိုသို့ အမည်နှစ်ပါးကို ရသောကြောင့်။ ၎င်း သမ္မာဒိဋ္ဌိကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

၎င်း"မဂ္ဂ"ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိသည်။ မိမိလည်း ဖြူစင်, မိမိဖြစ်ခိုက် မိမိနှင့် အတူဖြစ်သော သမ္ပယုတ်တရားတို့ကို ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့် ၎င်းသမ္မာဒိဋ္ဌိမဂ္ဂကိုပင် "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုဥာတပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်၊ ၎င်း သမ္မာဒိဋ္ဌိနှင့် ယှဉ်သော စိတ်၌ ယှဉ်၍။ ၎င်းဝေဒနာသဘောကို ကြံတတ်။ ၎င်းအာရုံသို့ သမ္ပယုတ်တရားတို့ကို အာရုံပြုသောအားဖြင့် ရောက်အောင်တင်ဆောင်တတ်သော ဝိတက်စေတသိက်တည်းဟူသော "သမ္မာသင်္ကပ္ပ"တရားသည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့် အတူပါသည်သာတည်း။ ထိုပါရှိနေသော သမ္မာသင်္ကပ္ပတရားကိုလည်း ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်၊ ၎င်းသမ္မာသင်္ကပ္ပတရားကိုပင် "မဂ္ဂ"ဟူ၍လည်း ခေါ်ဆိုအပ်သည်။

ဘနည်း။ ။၎င်းသမ္မာသင်္ကပ္ပတရားသည်၊ ခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်၊ ၎င်း သမ္မာ သင်္ကပ္ပတရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း။ ၎င်း သမ္မာသင်္ကပ္ပတရားသည်။ ထိုဝေဒနာ၏ သဘောလက္ခဏာ အာရုံ

ကို ဟုတ်တိုင်းမှန်စွာ ကြံသော အခါတိုင်း၌ပင်။ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသင်္ကပ္ပစသည်ကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်၊ ၎င်းသမ္မာသင်္ကပ္ပသည်။ "မ"ဟူသော အမည်ကိုလည်း ရ၏။ ဟုတ်မှန်သော ဝေဒနာ၏ သဘောလက္ခဏာအာရုံကို။ သမ္မာဒိဋ္ဌိနှင့် အတူ အာရုံပြု၍ ရောက်တတ်သောကြောင့် "ဂ" ဟူသော အမည်ကိုလည်း ရ၏။ထိုသို့"အမည်နှစ်ပါး"ကို ရသောကြောင့်။ ၎င်းသမ္မာသင်္ကပ္ပတရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာသင်္ကပ္ပတရားသည် မိမိလည်း ဖြူစင်, မိမိဖြစ်ခိုက်၊ မိမိနှင့် အတူဖြစ်သော သမ္ပယုတ်တရားတို့ကို။ ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့် ၎င်းသမ္မာသင်္ကပ္ပကိုပင်"အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထို ဥာတပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂ ဖြစ်ခိုက်၊ ၎င်းသမ္မာဒိဋ္ဌိနှင့် ယှဉ်၍ ဖြစ်သော စိတ်၌ နှုတ်ကို သိမ်းဆည်းစောင့်ရှောက်တတ်သော၊ "ပရိဂ္ဂါဟလက္ခဏာ"ရှိသော သမ္မာဝါစာ စေတသိက်သည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့်အတူ ဖြစ်လျက်ပါရှိသည်သာတည်း။ ထိုပါရှိနေသော သမ္မာဝါစာ စေတသိက်တရားကိုလည်း။ ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဝါစာ စေတသိက်တရားကိုပင် "မဂ္ဂ' ဟူ၍လည်း ခေါ်ဆိုအပ်သည်။

တနည်း။ ။ငင်းသမ္မာဝါစာစေတသိက်တရားသည်။ ခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သောကြောင့်၊ ငင်းသမ္မာဝါစာစေတသိက်တရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း။ ငင်းသမ္မာဝါစာ စေတသိက်တရားသည်။ ထိုဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို၊ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်ပညာဉ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂနှင့် ယှဉ်တွဲ၍ အာရုံပြုတိုင်း,ပြုတိုင်း၌ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါစာကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်၊ ငင်းသမ္မာဝါစာစေတသိက်တရားသည် "မ"ဟူသော အမည်ကိုလည်းရ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံသို့ သမ္မာဒိဋ္ဌိမဂ္ဂနှင့် အတူ အာရုံပြု၍ ရောက်တတ်သောကြောင့်။ "ဂ"ဟူသော အမည်ကိုလည်း ရ၏။ ထိုသို့ "အမည်နှစ်ပါး"ကို ရသောကြောင့် ငင်းသမ္မာဝါစာစေတသိက်တရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ငင်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာဝါစာ စေတသိက်တရားသည် မိမိလည်း ဖြူစင်,မိမိဖြစ်ခိုက်၊ မိမိနှင့် အတူဖြစ်သော သမ္ပယုတ်တရားတို့ကို။ မိစ္ဆာဝါစာကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့် ငင်းသမ္မာဝါစာ စေတသိက်တရားကိုပင် "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုဉာတပရိညာဥ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ ၎င်း သမ္မာဒိဋ္ဌိနှင့် ယှဥ်၍ ဖြစ်သော စိတ်၌ ကိုယ်ကိုကောင်းစွာ သိမ်း ဆည်းစောင့်ရှောက်၍ ကိလေသာမဝင်အောင် ထားတတ်သော၊ "သမုဋ္ဌာန လက္ခဏာ" ရှိသော သမ္မာကမ္မန္တ စေတသိက် တရား သည်လည်း။၎င်းသမ္မာဒိဋ္ဌိနှင့် အတူပါရှိသည်သာတည်း။ ထိုပါရှိ နေသော သမ္မာကမ္မန္တ စေတသိက်တရားကိုလည်း ဘုရား အစရှိ သော အရိယာ သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်၊ ၎င်းသမ္မာကမ္မန္တ စေတသိက်တရားကို ပင် 'မဂ္ဂ'ဟု ခေါ်ဆိုအပ်လေသည်။

တနည်း။ ။၎င်းသမ္မာကမ္မန္တ စေတသိက်တရားသည်။ခံစား တတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာ အာရုံ ကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သောကြောင့်၊ သမ္မာကမ္မန္တ စေတသိက်တရားကို"မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း။ ၎င်းသမ္မာကမ္မန္တစေတသိက်တရားသည်။ ထိုဝေဒနာ၏ သဘော လက္ခဏာအာရုံကို ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာတ ပရိညာဥ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂနှင့် ယှဥ်တွဲ၍ အာရုံ ပြုတိုင်း,ပြုတိုင်း၌၊ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာကမ္မန္တကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ဖျက်ဆီး သောကြောင့်၊ ၎င်းသမ္မာကမ္မန္တစေတသိက်တရားသည်။ 'မ'ဟူ သော အမည်ကိုလည်း ရ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘော လက္ခဏာအာရုံသို့ သမ္မာဒိဋ္ဌိမဂ္ဂနှင့်အတူ အာရုံပြု၍ ရောက်တတ် သောကြောင့်။ "ဂ"ဟူသော အမည်ကိုလည်း ရ၏။ ထိုသို့

'အမည်နှစ်ပါး"ကို ရသောကြောင့်။ ၎င်းသမ္မာကမ္မန္တ စေတသိက်တရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

၎င်းမဂ္ဂ ဟု ဆိုအပ်သော သမ္မာကမ္မန္တစေတသိက်တရားသည်။ မိမိလည်း ဖြူစင်, မိမိဖြစ်ခိုက်၊ မိမိနှင့် အတူဖြစ်သော သမ္ပယုတ်တရားတို့ကို၊ မိစ္ဆာကမ္မန္တကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့်၊ ၎င်းသမ္မာကမ္မန္တစေတသိက်တရားကိုပင်၊ "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုဥာတပရိညာဉ်ဟု ဆိုအပ်သော သမ္မဒိဋ္ဌိမဂ္ဂဖြစ်ခိုက်၊ ၎င်းသမ္မာဒိဋ္ဌိနှင့် ယှဉ်၍ ဖြစ်သော စိတ်၌ အသက်မွေးဝမ်းကြောင်းနှင့်စပ်၍၊ ကိုယ်နှုတ်နှစ်ပါးကို ဖြူစင်စေတတ်သော။ "ဝေဒနာလက္ခဏာ"ရှိသော သမ္မာအာဇီဝ စေတသိက်သည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့် အတူ ဖြစ်လျက် ပါရှိသည်သာတည်း။ ထိုပါရှိနေသော သမ္မာအာဇီဝ စေတသိက်တရားကိုလည်း။ ဘုရားအစ ရှိသော အရိယာသူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်၊ ၎င်းသမ္မာအာဇီဝ တရားကိုပင် "မဂ္ဂ"ဟူ၍လည်း ခေါ်ဆိုအပ်သည်။

တနည်း။ ။၎င်းသမ္မာအာဇီဝ စေတသိက်တရားသည်ခံစားတတ်သော ဝေဒနာ၏ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့် ၎င်းသမ္မာအာဇီဝ တရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း၊ ၎င်းသမ္မာအာဇီဝတရားသည်၊ ထိုဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ဟုတ်တိုင်း မှန်စွာ သိမြင်တတ်သော ဉာတ

ပရိဋ္ဌာဉ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိနှင့် ယှဉ်တွဲ၍ အာရုံပြု တိုင်း,ပြုတိုင်း၌ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအာဇီဝကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ဖျက်ဆီး သောကြောင့်၊ ၎င်း သမ္မာအာဇီဝ စေတသိက်တရားသည်။ "မ" ဟူသော အမည်ကိုလည်း ရပေ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံသို့ သမ္မာဒိဋ္ဌိနှင့် အတူ အာရုံပြု၍ ရောက် တတ်သောကြောင့်။ "ဂ"ဟူသော အမည်ကိုလည်း ရပေ၏။ ထိုသို့ "အမည်နှစ်ပါး"ကို ရသောကြောင့်။ ၎င်းသမ္မာအာဇီဝ စေတသိက်တရားကို "မဂ္ဂ"ဟူ၍ ခေါ်ဆိုအပ်သည်။

၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာအာဇီဝစေတသိက်တရား သည် မိမိလည်းဖြူစင်၊ မိမိဖြစ်ခိုက်, မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကို မိစ္ဆာအာဇီဝကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့်။ ၎င်းသမ္မာ အာဇီဝ စေတသိက်တရားကိုပင်၊ "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ် လေသည်။

ထိုဉာတပရိဋ္ဌာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိဖြစ်ခိုက်၊ ၎င်း သမ္မာဒိဋ္ဌိနှင့် ယှဉ်သော စိတ်နှင့်ယှဉ်၍ ၎င်းဝေဒနာ၏ ဟုတ်မှန် သော သဘောလက္ခဏာအာရုံကို အာရုံပြု၍ မိမိနှင့် အတူဖြစ် သော သမ္ပယုတ်တရားတို့ကို မဆုတ်မနစ်စေရန် အားထုတ် ချီး မြှင့်တတ်သော "ပဂ္ဂဟ လက္ခဏာ"ရှိသော ဝီရိယစေတသိက်တည်း ဟူသော သမ္မာဝါယာမ တရားသည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့် အတူ ဖြစ်၍ ပါရှိပေ၏။ ထိုဝီရိယစေတသိက်တည်းဟူသော သမ္မာ ဝါယာမတရားကို။ ဘုရား အစရှိသော အရိယာ သူတော်ကောင်း

တို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်၊ ၎င်းဝီရိယ စေတသိက်တည်းဟူသော သမ္မာဝါယာမ တရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

တနည်း။ ။ဝီရိယစေတသိက် တည်းဟူသော သမ္မာဝါယာမ တရားသည်။ ထိုခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သော ကြောင့်။ ၎င်းဝီရိယစေတသိက် တည်းဟူသော သမ္မာဝါယာမ တရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း၊ ထိုဝီရိယ စေတသိက်တည်းဟူသော သမ္မာဝါယာမ တရားသည်။ ထိုဝေ ဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ဟုတ်တိုင်း မှန် စွာ သိမြင်တတ်သော ဉာဏ ပရိညာဉ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂနှင့် ယှဉ်၍ အာရုံပြုတိုင်း, ပြုတိုင်း၌၊ မိမိ၏ ဆန့်ကျင် ဘက်ဖြစ်သော မိစ္ဆာဝါယာမကို ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်။ ၎င်းဝီရိယစေတသိက် တည်းဟူသော သမ္မာဝါယာမ တရားသည် "မ"ဟူသော အမည် ကိုလည်း ရပေ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘော လက္ခဏာ အာရုံသို့ သမ္မာ ဒိဋ္ဌိနှင့် အတူ အာရုံပြု၍ ရောက်တတ်သောကြောင့်၊ "ဂ"ဟူသော အမည်ကို လည်း ရပေ၏။ ထိုသို့ "အမည်နှစ် ပါး"ကို ရတတ်သောကြောင့် ၎င်းဝီရိယစေတသိက်တည်း ဟူ သော သမ္မာဝါယာမတရားကို 'မဂ္ဂ'ဟု ခေါ်ဆိုအပ်လေသည်။

၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော ဝီရိယစေတသိက် တည်းဟူသော သမ္မာဝါယာမတရားသည်။ မိမိလည်း ဖြစ်ပြုစင်, မိမိဖြစ်ခိုက်၊ မိမိ နှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကို။ မိစ္ဆာဝါယာမကို ဖြစ်စေ

တတ်ကုန်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့်၊ ၎င်းဝီရိယစေတသိက်တည်းဟူသော သမ္မာဝါယာမတရားကိုပင်၊ "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထိုဉာတပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိဖြစ်ခိုက်၊ ၎င်းသမ္မာဒိဋ္ဌိနှင့် ယှဉ်သော စိတ်၌ ယှဉ်၍၊ ၎င်းဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို အာရုံပြု၍ ကောင်းစွာ အောက်မေ့တွေးတောတတ်သော သမ္မာသတိတရားသည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့် အတူ ဖြစ်၍ ပါရှိပေ၏။ ထို သ မ္မာ သ တိ တရားကို ဘုရား အစရှိသော အရိယာ သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့် ၎င်းသမ္မာသတိတရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

တနည်း။ ။ထိုသမ္မာသတိတရားသည်။ ထိုခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သောကြောင့်၊ ၎င်းသမ္မာသတိတရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ ။တနည်း၊ ထိုသမ္မာသတိတရားသည်။ ထိုဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာတပရိညာဉ်ဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂနှင့် ယှဉ်၍ အာရုံပြုတိုင်း,ပြုတိုင်း၌ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသတိကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်။ ၎င်းသမ္မာသတိတရားသည် "မ"ဟူသော အမည်ကိုလည်း ရပေ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံသို့ သမ္မာဒိဋ္ဌိနှင့် အတူ အာရုံပြု၍ ရောက်တတ်သောကြောင့် "ဂ"ဟူသော အမည်

ကိုလည်း ရပေ၏။ ထိုသို့ "အမည်နှစ်ပါး"ကို ရသောကြောင့်။ ၎င်းသမ္မာသတိတရားကိုပင် "မဂ္ဂ"ဟူ၍ ခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာသတိတရားသည် မိမိလည်း ဖြူစင်, မိမိဖြစ်ခိုက်၊ မိမိနှင့် သမ္ပယုတ်ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့ကို မိစ္ဆာသတိကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ဖြူစင်စေမှုကို ပြုခြင်းကြောင့် ၎င်းသမ္မာသတိတရားကိုပင်"အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။

ထို ဥာတပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိဖြစ်ခိုက်၊ ၎င်းသမ္မာဒိဋ္ဌိနှင့် ယှဉ်၍ ၎င်းဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို အာရုံပြု၍ သမ္ပယုတ်တရားတို့ကို မပြန့်မလွင့် ကောင်းစွာ တည်စေတတ်သော ဧကဂ္ဂတာ စေတသိက်ဟု ခေါ်ဆိုအပ်သော သမ္မာသမာဓိ တရားသည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့်အတူဖြစ်၍ ပါရှိပေ၏။ ထိုသမ္မာသမာဓိတရားကို ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီးအပ်သောကြောင့်လည်း၊ ၎င်းသမ္မာသမာဓိတရားကို "မဂ္ဂ"ဟု ခေါ်ဆိုအပ်သည်။

တနည်း။ ။၎င်း သမ္မာသမာဓိတရားသည်။ ထိုခံစားတတ်သော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို ရှာမှီးတတ်၏။ ထိုသို့ ရှာမှီးတတ်သောကြောင့်၊ ၎င်းသမ္မာသမာဓိတရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ တနည်း၊ ထိုသမ္မာသမာဓိတရားသည်။ ဝေဒနာ၏ ဟုတ်မှန်သော လက္ခဏာအာရုံကို ဟုတ်တိုင်းမှန်စွာ သိမြင်သော ဥာတပရိညာဉ်ဟု

ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂနှင့်ယှဉ်၍ အာရုံ ပြုတိုင်း,ပြုတိုင်း၌ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသမာဓိကို ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်၊ ၎င်းသမ္မာသမာဓိတရားသည် "မ"ဟူသော အမည်ကိုလည်း ရပေ၏။ ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာ အာရုံသို့ သမ္မာဒိဋ္ဌိနှင့်အတူ အာရုံပြု၍ ရောက်တတ်သောကြောင့်။ "ဂ"ဟူသော အမည်ကိုလည်း ရပေ၏။ ထိုသို့ "အမည်နှစ်ပါး"ကို ရသောကြောင့်။ ၎င်းသမ္မာသမာဓိတရားကိုပင် "မဂ္ဂ"ဟု ခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာသမာဓိတရားသည် မိမိလည်း ဖြူစင်, မိမိဖြစ်ခိုက်၊ မိမိနှင့် သမ္ပယုတ် ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့ကို။ မိစ္ဆာသမာဓိကို ဖြစ်စေတတ်သော ကိလေသာတို့မှ ဖြူစင်စေမှုကိုလည်း ပြုပေ၏။ ထိုသို့ ဖြူစင်စေမှုကို ပြုလုပ်ခြင်းကြောင့်။ ၎င်းသမ္မာသမာဓိတရားကိုပင် "အရိယမဂ္ဂ"ဟု ခေါ်ဆိုအပ်သည်။

ဤသို့လျှင် ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာ အာရုံကို အာရုံပြု၍ ဉာဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂဖြစ်တိုင်း, ဖြစ်တိုင်း၌ပင်၊ သမ္မာသင်္ကပ္ပစသော ကျန်ခုနစ်ပါးသော မဂ္ဂတရားသည်လည်း တပေါင်းတည်းဖြစ်လျက် ပါကြလေသည်သာတည်း။ ထိုသို့ဖြစ်၍ ပါသောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂကို "အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ" ဟူ၍ ဘုရားရှင်သည်။ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်လေသည်။ ။အဘယ်ကြောင့် ဘုရားရှင်သည်။ ၎င်းမဂ္ဂကို

"အဋ္ဌင်္ဂိကော"ဟု ဟောတော်မူအပ်လေသနည်းဟူမူ။ ၎င်းမဂ္ဂတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂသည်။ အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာသင်္ကပ္ပ မဂ္ဂသည် အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာဝါစာသည် အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာကမ္မန္တမဂ္ဂသည် အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာအာဇီဝမဂ္ဂသည် အစိတ်အင်္ဂါတခု ဖြစ်၏။ သမ္မာဝါယာမ မဂ္ဂသည် အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာသတိမဂ္ဂသည် အစိတ်အင်္ဂါတခုဖြစ်၏။ သမ္မာသမာဓိမဂ္ဂသည် အစိတ်အင်္ဂါတခုဖြစ်၏။ ဤသို့လျှင် အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိ အမျိုးရှိသော မဂ္ဂကို "အဋ္ဌင်္ဂိကောမဂ္ဂေါ"ဟု ဟောတော်မူအပ်သည်။

"မဂ္ဂ"ကိုမြန်မာလူမျိုးတို့သည် "မင်္ဂ"ဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။ အစိတ်အစိတ်အင်္ဂါဖြစ်သောကြောင့်။ "မဂ္ဂင်"ဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။ ၎င်း"အဋ္ဌင်္ဂိကမဂ္ဂ"ကို အဘယ်ကြောင့် "အရိယမဂ္ဂ"ဟု ဘုရားရှင် ဟောတော်မူအပ်လေသနည်းဟူမူ။ "ကာမ သုခလ္လိကာ နုယောဂ, အတ္တကိလမထာနုယောဂ" တည်းဟူသော အယုတ်တရားနှစ်ပါးသည်။ မိမိလည်း မဖြူစင်, မိမိနှင့် ယှဉ်သော သမ္ပယုတ်တရားဖြစ်ကုန်သော စိတ်, စေတသိက်တို့ကိုလည်း။ မဖြူစင်စေတတ်သော တရားဖြစ်၏။ ထို့ကြောင့် ၎င်းတရားနှစ်ပါးကို "အနရိယော"ဟူ၍ ရှေ့အဘို့၌ ဟောတော်မူပြီးဖြစ်၍၊ နောက်အဘို့၌ မှီဝဲအပ်သော "မဇ္ဈိမပဋိပဒါအကျင့်"ဖြစ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော မဂ္ဂင်ရှစ်ပါးကို။ မိမိလည်း ကိလေသာမှ လွတ်နေ၍ ဖြူစင်၏။ မိမိနှင့် အတူဖြစ်ကုန်သော စိတ်, စေတသိက်တရားကိုလည်း။ ကိလေသာတို့မှ ဖြူစင်

စေမှုကို ပြုပေ၏။ ထို့ကြောင့် ၎င်းသမ္မာဒိဋ္ဌိအမှုးရှိသော မဂ္ဂင်ရှစ်ပါးတရားကို 'အရိယော' ဟူ၍ ဟောတော်မူအပ်လေသည်။

ထိုသို့ဟောတော်မူအပ်သော "အနရိယ, အရိယ" နှစ်ပါး တို့တွင် "အနရိယ" ဟု ဆိုအပ်သည်မှာ။ မဖြူစင်သောတရားကို ဆိုလိုသည်။ ထို့ကြောင့် တေရသကဏ်ဋီကာရှင်သည် ဓမ္မစက္က ပတ္တနသုတ်အဖွင့် နံပါတ်(၃၆)စာမျက်နှာ၌-

အနရိယောတိ န အရိယော နဝိသုဒ္ဓေါ န ဥတ္တမော။

ဟူ၍ ဖွင့်ပြတော်မူအပ်လေသည်။ ။မြန်မာပြန်ကား။ အနရိယောတိ၊ အနရိယော ဟူသည်ကား။ နအရိယော၊ နဝိသုဒ္ဓေါ၊ မစင်ကြယ်။ ဝါ၊ ဖြူစင်သန့်ရှင်း စင်ကြယ်သော တရားမဟုတ်။ နဥတ္တမော၊ မြတ်သောတရားမဟုတ်။

## အဓိပ္ပါယ်ကား။

"ကာမသုခလ္လိကာ နုယောဂ, အတ္တကိလမထာ နုယောဂ" တရားသည်။ စင်စစ် မဖြူစင် မစင်ကြယ်၊ မမြတ်သော တရားဖြစ်၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူ၏။ ထိုသို့ သိစေရာတွင် "အနရိယ" ၌ "အရိယ" ဟူသော ပုဒ်သည်၊ ဖြူစင် သန့်ရှင်း စင်ကြယ်သော အနက်, မြတ်သောအနက်ကို ဟော၏ ဟူ၍ သိစေလိုသောကြောင့်။ "ဝိသုဒ္ဓေါ၊ ဥတ္တမော" ဟူ၍ ပြဆိုတော်မူအပ်လေသည်။ ထို့ကြောင့်၊ "အရိယ" ဟူသော နောက်ပုဒ်၏ အနက်ကို။ "ဝိသုဒ္ဓဥတ္တမ" ဟူသော အနက်ကိုပင် သိအပ်၏။ ထို့ကြောင့် နောက်မှိုဝ်အပ်သော "မဇ္ဈိမပဋိ

ပဒါ”အကျင့်ဖြစ်သော သမ္မာဒိဋ္ဌိအမှူးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်ကို။ “အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ”ဟူ၍။ “အရိယ” သဒ္ဒါဖြင့် အထူးပြု၍ ဟောတော်မူအပ်လေသည်ဟု သိကြလေ။

ထိုသို့ သိအပ်သော မဇ္ဈိမပဋိပဒါဖြစ်သော မဂ္ဂင်ရှစ်ပါးတရားသည် စင်စစ် လောကီမဂ္ဂင် သာ တည်း။ အဘယ့်ကြောင့် ဆိုသော်။ ၎င်းမဂ္ဂင်၏ အာရုံကို ပြတော်မူလိုသောအခါ။ ဇာတိပိ ဒုက္ခာ စသော သင်္ခါရ တရားတို့ကို ပြဆိုတော်မူအပ်၏။ ထိုသို့ ပြဆိုတော်မူအပ်သော ဇာတိ စသော သင်္ခါရတရားတို့ကို အဘန်ဘန် အာရုံပြု၍ ပွားများအပ်၏။ ထိုသို့ ပွားများတိုင်း, ပွားများတိုင်း။ စိတ်အစဉ်ကို ဖြူစင်စေတတ်သော သမ္မာဒိဋ္ဌိ အမှူးရှိသော အရိယမဂ္ဂင်သည် ဖြစ်၏။ ထိုသို့ လောကီမဂ္ဂင်ဖြစ်သည်ကို ဝိပဿနာ တရားကို ပွားများသည် ဟူ၍ ဆိုအပ်သည်။ ထိုသို့ ဝိပဿနာမဂ်ကို အစဉ်အတိုင်း ပွားများသည်ဟူ၍ ဆိုအပ်သည်။ ထိုသို့ ဝိပဿနာမဂ်ကို အစဉ်အတိုင်း ပွား များ ဘန် များ လျှင် သင်္ခါရတရားတို့ကို စက်ဆုပ်၍ သင်္ခါရမှ လွတ်နေသော “မဖြစ်, မပျက်သော နိရောဓ ·စ္စာ နိဗ္ဗာန်”ကို အာရုံပြု၍ လောကုတ္တရာ အဋ္ဌင်္ဂိက အရိယမဂ်သို့ ရောက်လေ၏။ ထိုသို့ ရောက်သည်ကို သိစေလိုတော်မူသောကြောင့်။ ၎င်းဓမ္မစကြာတရားတော်၌ပင်-

“ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ။ လ။ သမ္မာသမာဓိ။” ။ဟူ၍ ဟောတော်မူအပ်၏။

ထိုမဂ်သည် လောကုတ္တရာမဂ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်။ ၎င်းမဂ်အာရုံကို ပြတော်မူလိုသောအခါ၊ "ဒုက္ခနိရောဓ" ဟူ၍ ပြဆိုအပ်၏။ ထိုသို့ ပြဆိုတော်မူအပ်သောကြောင့်။ နိဗ္ဗာန်အာရုံကို အာရုံပြု၍ ဖြစ်သော မဂ်သည် လောကုတ္တရာမဂ် ဖြစ်၏။ ဤသို့လျှင် လောကီအရိယ အဋ္ဌင်္ဂိကမဂ်ကို ပွားများလေ့လာ၍သာ လောကုတ္တရာမဂ်သို့ ရောက်နိုင်သည်၏ အဖြစ်ကို သိကြလေ။ ထိုသို့ သိစေတော်မူလိုသောကြောင့်။ နိဒါန ဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ မဟာဝဂ်၊ ပဉ္စမသုတ် အဖွင့် နံပါတ် (၁၀၀) စာမျက်နှာ၌-။

"ဧဝ မေဝ ခေါတိဧတ္ထ ဣမံ ဩပမ္မ သံသန္ဒနံ။ အရညေ ပဝနေ စရမာန ပုရိသော ဝိယ ဟိ ဒီပင်္ကရ ပါဒမူလတော ပဋ္ဌာယ ပါရမိယော ပူရိယမာနော မဟာပုရိသော ဒဋ္ဌဗ္ဗော။ တဿ ပုရိသဿ ပုဗ္ဗကေဟိ မနုဿေဟိ အနုယာတ မဂ္ဂဒဿနံ ဝိယ မဟာသတ္တဿ အနုပုဗ္ဗေန ဗောဓိပလ္လင်္ကေ နိသိန္နဿ ပုဗ္ဗဘာဂေ အဋ္ဌင်္ဂိကဿ ဝိပဿနာ မဂ္ဂဿ ဒဿနံ။ ပုရိသဿ တံ ကေပ္ပဒိက မဂ္ဂံ အနုဂစ္ဆန္တော အပရဘာဂေ မဟာမဂ္ဂဒဿနံ ဝိယ မဟာသတ္တဿ ဥပရိ ဝိပဿနာယ စိဏ္ဏန္တေ လောကုတ္တရ မဂ္ဂဿဒဿနံ" ဟူ၍ ပြဆိုသည်ကို ထောက်၍ သိလေ။

## အနက်သိကြောင်း မြန်မာပြန်ကား။

ဧဝ မေဝ ခေါတိ ဧတ္ထ၊ ဧဝ မေဝခေါ ဟူသော ဤပါဌ်၌။ ဣမံ ဩပမ္မ သံသန္ဒနံ၊ ဤဥပမာ၏ နှိုင်းနှောခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝါ၊ ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ ထိုစကားကို

ထင်စွာပြဦးအံ့။ ပဝနေ၊ ကြီးစွာသော တောအုပ်ဖြစ်သော။ အရညေ၊ တော၌။ စရမာန ပုရိသောဝိယ၊ ခရီးသွားယောကျ်ား ကဲ့သို့။ ဒီပင်္ကရ ပါဒမူလတော၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေ တော်ရင်းမှ။ ပဋ္ဌာယ၊ စ၍။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရိယမာနော၊ ဖြည့်ကျင့်တော်မူပြီးသော။ မဟာပုရိသော၊ မြတ်သော ယောကျ်ားကို၊ ဝါ၊ ယောကျ်ားမြတ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝါ၊ ရှုအပ်၏။ တဿပုရိသဿ၊ ထိုတော၌သွား သော ယောကျ်ား၏။ ပုဗ္ဗကေဟိ၊ ရှေး၌ ဖြစ်ကုန်သော။ မနုဿေဟိ၊ လူတို့သည်။ အနုယာတ မဂ္ဂ ဒဿနံဝိယ၊ အစဉ် တစိုက် သွားအပ်သော လမ်းခရီးကို မြင်သကဲ့သို့။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ နိသိန္နဿ၊ နေ တော်မူသော။ မဟာ သတ္တဿ၊ ဘုရားလောင်း၏။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမင်္ဂ မရမီ ရှေးအဘို့၌။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါး တို့နှင့် ပြည့်စုံသော။ ဝိပဿနာ မဂ္ဂဿ၊ ဝိပဿနာမဂ်ကို။ ဒဿ နံ၊ မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုရိသဿ၊ တော၌ခရီး သွားသော ယောကျ်ား၏။ တံကေပုဒိက မဂ္ဂံ၊ ထိုခြေကြောင်း ခရီးလမ်းကို။ အနုဂစ္ဆန္တော၊ အစဉ်တစိုက် သွားသည်ရှိသော်။ အပရဘာဂေ၊ နောက်အဘို့၌။ မဟာမဂ္ဂ ဒဿနံဝိယ၊ လမ်းမ ကြီးကို၊ ဝါ၊ ကြီးကျယ်သော လမ်းမကို မြင်သကဲ့သို့။ မဟာ သတ္တဿ၊ ဘုရားလောင်း၏။ ဥပရိ၊ အထက်၌။ ဝိပဿနာယ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို။ စိဏ္ဏန္တေ၊ ပွားများလေ့လာသည် ရှိသော်။ လောကုတ္တရာမဂ္ဂဿ၊ လောကုတ္တရာမဂ်ကို။ ဒဿနံ၊ မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားအဓိပ္ပါယ် အကျယ်မှာ။ ဥတောတွင်းယောကျ်ားသည်။ ရှေးလူတို့ အစဉ်တစိုက်သွားရာဖြစ်သော ခြေကြောင်းခရီးကို မြင်၍ ထိုခရီးကို အစဉ်တစိုက် သွားပြီးလျှင်။ ကြီးစွာသော လမ်းမကြီးသို့ ရောက်လေသကဲ့သို့။ ထိုအတူ ဂေါတမ ဘုရားအလောင်းသည်လည်း။ ဒီပင်္ကရာဘုရား ခြေတော်ရင်းမှ စ၍ ပါရမီကို ဖြည့်ပြီးလျှင်၊ ဗောဓိပလ္လင်၌ နေတော်မူသောအခါ။ လောကုတ္တရာမဂ်မရမီ ရှေးအဘို့၌။ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသော လောကီ ဝိပဿနာမဂ်ကို မြင်တော်မူ၍။ ၎င်း ဝိပဿနာမဂ်ကို ပွားများလေ့လာသုံးသပ်ဘန် များလျှင်။ လောကုတ္တရာမဂ်သို့ ဆိုက်ရောက်လေသည် ဟူလို။ ဤကား အဓိပ္ပါယ် အကျဉ်းတည်း။

ဤပြဆိုအပ်သော နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာစကားကို အစဉ်မှီး၍ ဓမ္မစက္ကပဝတ္တနသုတ်၌၊ ဟောတော်မူအပ်သော မှီဝဲအပ်သော မဇ္ဈိမပဋိပဒါကို ပြဆိုရာ၌—

"အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ, သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပေါ။ လ။ သမ္မာသမာဓိ။"

ဟူ၍ ဟောတော်မူအပ်သော မဂ်ကို။ လောကီဝိပဿနာမဂ်ဟု သိကြလေ။ နောက်အဘို့၌ ဟောတော်မူအပ်သော။-

"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ, သမ္မာဒိဋ္ဌိ။ လ။ သမ္မာသမာဓိ၊"

ဟူ၍ ဟောတော်မူအပ်သော မဂ်ကို။ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော လောကုတ္တရာမဂ်ကို ရည်၍ ဟောတော်မူအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ထိုသို့သိကြလျှင်၊ လောကီဖြစ်သော ဝိပဿနာ အဋ္ဌင်္ဂိက မဂ်ကို "အရိယ"ဟူသော ပုဒ်ကို မထည့်ရဘူး။ ထည့်လျှင် မှားသည်ဟူ၍ ဆိုနိုင်အံ့နည်း။ စင်စစ် မဆိုနိုင်၊ ထိုသို့မဆိုနိုင်ဘဲလျက် အကယ်၍ ဆိုရချေသော်။ ဘုရားရှင်ကိုပင်၊ ဆန့်ကျင်ဘက်ပြု၍ ပြောဆိုရာ ရောက်လေ၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ။ ဘုရားရှင်သည်ပင် ဓမ္မစက္ကပဝတ္တနသုတ်၌ မိန့်အပ်သော မဇ္ဈိမပဋိပဒါအကျင့်ကို ပြရာ၌ "အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"ဟူ၍ တိုက်ရိုက် အဟော ရှိသောကြောင့်တည်း။ ထို့ကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ "အရိယော" ထည့်၍ မပြမဆိုအပ်ဟု ပြောဆိုလေသမျှသော သူတို့သည်။ ဘုရားရှင်ကို ဆန့်ကျင်ဘက် ပြုလုပ်သော သူတို့လည်း မည်ကုန်၏။ ဘုရားရှင်ကို စွပ်စွဲ ပြောဆိုရာလည်း ရောက်၏။ များစွာသော အကုသိုလ် တရားကို ဆည်းပူးရာလည်း ရောက်၏။ ထို့ကြောင့် တပည့်တို့သည် ဝေးစွာ ရှောင်ကြလေ။

ထိုမှတပါးလည်း "လောကီဝိပဿနာမဂ်"ကို "အဋ္ဌင်္ဂိကမဂ်" မဖြစ်နိုင်ဟူ၍ တပည့်တို့ မပြောဆိုလင့်။ အကယ်၍ ပြောဆိုခဲ့အံ့။ ဓမ္မစက္ကပဝတ္တနသုတ်၌၊ ဘုရားရှင် ဟောတော်မူအပ်သော စကားတော်နှင့်လည်း ဆန့်ကျင်၏။ "ပုဗ္ဗဘာဂေပိ အဋ္ဌင်္ဂိကဿ ဝိပဿနာ မဂ္ဂဿ"ဟူ၍ ပြဆိုအပ်သော နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာနှင့်လည်း ဆန့်ကျင်၏။ ထိုမှတပါး ဘုရားရှင်သည်။ ဥပရိပဏ္ဏာသ ပါဠိတော် မဟာသဠာယတန သုတ်၌။ -

"ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ, ဝစီကမ္မံ, အာဇီဝေါ ပရိသုဒ္ဓေါ ဟောတိ။"

အဿ၊ထိုယော ဂါဝေစရ ပုဂ္ဂိုလ်အား။ပုဗ္ဗေဝ၊ လောကုတ္တရာမဂ်မရမီ ရှေးအဘို့၌သာလျှင်။ ကာယကမ္မံ၊ ကာယကံ သုံးပါးသည်လည်း။ ပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ ဝစီကမ္မံ၊ ဝစီကံ လေးပါးသည်လည်း။ ပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊ အာဇီဝသည်လည်း။ပရိသုဒ္ဓေါ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်စကားတော်ကို ထောက်၍ လောကုတ္တရာမဂ်မရမီ ရှေးအဘို့၌ ဖြစ်သော ဝိပဿနာ အခိုက်တိုင်း၌၊ ကာယကံ စင်ကြယ်မှု တည်းဟူသော သမ္မာကမ္မန္တ ဝိရတီ စေတသိက်, ဝစီကံ စင်ကြယ်မှု တည်းဟူသော သမ္မာဝါစာ ဝိရတီ စေတသိက်, အာဇီဝ စင်ကြယ်မှု တည်းဟူသော သမ္မာအာဇီဝ ဝိရတီ စေတသိက်တို့သည် ပါရှိသည်၏ အဖြစ်ကို ပြဆိုတော်မူအပ်သည်ကို ထောက်၍ ဝိပဿနာ-အဋ္ဌင်္ဂိက မဂ် ဖြစ်သည်၏ အဖြစ်ကို သိအပ်၏။

ထိုဝိပဿနာအခိုက်၌ ဝိရတီသုံးခုတို့သည်။ အဘယ်ကြောင့် ပါလေသနည်းဟူမူ။ လောကုတ္တရာမဂ် အခါ၌ကဲ့သို့ အာရုံ မပြားသောကြောင့် ပါရလေသည်။ ထိုသို့ ပါရှိမှန်းကို သိကြလျှင် အဘယ်မှာ "ဝိပဿနာမဂ်" ကို "အဋ္ဌင်္ဂိကမဂ်" မဟုတ်ဟု ဆိုနိုင်အံ့နည်း။ စင်စစ် မဆိုနိုင်။ ထိုမှတပါးလည်း ယမိုက်အဋ္ဌကထာ၌ လောကုတ္တရာမဂ်မှ ကြွင်းသော "အဝသေသသောမဂ်" ကိုဖွင့်ရာ၌။-

"တသ္မိံ အဝသေသော မဂ္ဂေါတိ တသ္မိံ ခေါပန သမယေ ပဉ္စင်္ဂိကော မဂ္ဂေါဟောတိ, အဋ္ဌင်္ဂိကော မဂ္ဂေါ, မိစ္ဆာမဂ္ဂေါ,ဈာနင် မဂ္ဂေါ, သကဒ္ဒမဂ္ဂေါတိ ဝေမာဒိကော မဂ္ဂေါ။"

ဟူ၍ ဖွင့်ဆိုပြရာ၌ "ပဉ္စင်္ဂိကမဂ်"ကို ဓမ္မသင်္ဂဏီ ပါဠိတော်၌ အလုံးစုံသော ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန စသော ကုသိုလ်ဟူသမျှနှင့် ဆက်ဆံ၍ ဖြစ်မှုကိုပြ၍ ဟောရာ၌ လာသည်ကို ထုတ်ပြအပ်သည်။ "အဋ္ဌင်္ဂိကောမဂ္ဂေါ"ကို ဓမ္မစကြာသုတ်, မဟာသဠာယတနသုတ်တို့၌ လာရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ရည်၍ ပြဆိုအပ်သည်၏ အဖြစ်ကို သိကြလေ။ ထိုသို့ သိကြလျှင် အဘယ်မှာ ဝိပဿနာမဂ်ကို အဋ္ဌင်္ဂိကမဂ် မဟုတ်ဟူ၍ ဆိုနိုင်အံ့နည်း။ စင်စစ် မဆိုနိုင်၊ အကယ်၍ ဆိုခဲ့လျှင်။ ဘုရားရှင်နှင့်တကွ ပြဆိုအပ်သော အဋ္ဌကထာရှင်တို့ပါ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်, ဘုရားရှင်နှင့် အဋ္ဌကထာရှင်တို့ကိုပင်။ မဟုတ်မဟတ် စွပ်စွဲပြောဆိုသည်၏ အဖြစ်သို့ ရောက်၏။ ထို့ကြောင့် တပည့်တို့သည်၊ ထိုအပြောမျိုးကို ဆင်ခြင်ကြလေ။ ထိုပြဆိုအပ်ပြီးသော ပါဠိ, အဋ္ဌကထာတို့ကို ထောက်၍ သမ္မာဒိဋ္ဌိ အမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို သိကြလေ။ ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို သာလျှင်။ အဘန်တလဲလဲ မှီဝဲ ပွားများအပ်၏။

ထိုသို့ ပွားများအပ်ပုံကို အစဉ်အတိုင်း ပြဆိုဦးအံ့။ ရှေး၌ ပြဆိုအပ်ပြီးသော ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာကို။ မိမိခန္ဓာ၌ဖြစ်စေ, သူတပါးခန္ဓာ၌ဖြစ်စေ၊ တကြိမ် အာရုံပြုလျှင်။ တကြိမ်ပွားရာ ရောက်၏။ အကြိမ်များစွာ အာရုံပြုလျှင်၊ အကြိမ်များစွာ ပွားရာရောက်၏။ ထိုသို့ ပွားများတိုင်း, ပွားများတိုင်း၊ အာသဝေါတရား လေးပါးတို့သည် အစဉ်မပြတ်။ ထိုအခိုက် ကင်းလေသည်သာတည်းဟု မှတ်ကြလေ။

ထိုသို့အာသဝေါတရားတို့ကို ကင်းစေတတ်သော ဝိပဿနာ မဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ဤတရားနှစ်ပါးသည်။ "အဓိပညာသိက္ခာ"မည်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဤသုံးပါးသည်၊ "အဓိသီလ သိက္ခာ"မည်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤသုံးပါးသည်၊ "အဓိစိတ္တသိက္ခာ"မည်၏။ ထို့ကြောင့် ဝေဒနာ၏ ဟုတ်မှန်သော သဘောလက္ခဏာအာရုံကို အာရုံပြု၍၊ ဝိပဿနာသမ္မာဒိဋ္ဌိစသော မဂ္ဂင်ကို ပွားတိုင်း,ပွားတိုင်း။ ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာ၌၊ သီလ, သမာဓိ, ပညာတည်းဟူသော သိက္ခာသုံးပါး အကျင့်တရားနှင့် ပြည့်စုံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ဤသို့ဖြင့် ဉာတ ပရိညာဉ်စခန်းပြီး၏။

ယခုအခါ ၎င်းဝေဒနာတရားတို့ကို တီရဏပရိညာဉ် စသည်ဖြင့် ပွားများပုံကို ပြဆိုဦးအံ့။

## ရူပါရုံလျှင် အကြောင်းရှိသော ဝေဒနာ၌ ပွားများပုံ

အကြင်အခါ အဖြူဟု ခေါ်ဆိုအပ်သော အလွန်လှပသော ရူပါရုံအဆင်းကို မြင်ခဲ့အံ့။ ထိုသို့ မြင်သောအခါ အလွန်တင့်တယ်သည်ဟူ၍ "ဝုဋ္ဌော"စိတ်သည် မှတ်သားခဲ့အံ့။ ထိုဝုဋ္ဌော နောင် အလွန်လှပတင့်တယ်သည်ဟူ၍။ "သိမှုဇောစိတ်အစဉ်" သည်ဖြစ်၏။ ထိုသိမှုစိတ်၌ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည် ပါရှိပေသည်။ ထိုသို့ပါရှိသော သုခဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်ကြလေ။ ထိုသို့

စုံစမ်းဆင်ခြင်ကြည့်ရှုကြလျှင်။ စင်စစ်ငါမဟုတ်မှန်းကို တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိကြလိမ့်မည်။ ထိုအခါ "အနတ္တ ချက်"ကို တီရဏပရိညာဉ်ဖြင့် သိသည်မည်၏။ ထိုသို့ သိသော တီရဏ ပရိညာဉ်သည်။ "သမ္မာဒိဋ္ဌိ" မဂ္ဂင်မည်၏။ ထိုသမ္မာ ဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိနှင့်အတူတကွ တပေါင်းတည်းဖြစ်၍ ပါကြသည် သာတည်း။ ထိုသို့ဖြစ်ခြင်းကြောင့်။ ဝိပဿနာ အင်္ဂါကမင်္ဂကို "အနတ္တအားဖြင့်" ရှုမြင် ပွားများရာ ရောက်၏။

ထိုနောက်တဘန် ၎င်းဖြစ်ပေါ်သော သုခဝေဒနာသည်။ ထိုဖြစ်ပေါ်သော နေရာဌာန်ပင် မိမိမှီရာစိတ်နှင့်အတူ ဖြစ်ပြီးလျှင်။ ဇရာ, မရဏ၏ အနှိပ်အစက်ကိုခံ၍ ပျက်စီး ကွယ်ပျောက်လေ ၏။ ထိုသို့ ပျက်စီးကွယ်ပျောက်လေသော သုခဝေဒနာကို။ မြဲ လေသလော, မမြဲလေသလောဟု စုံစမ်းဆင်ခြင်၍ ဉာဏ်ဖြင့် ကြည့်ကြလေ။ ထိုသို့ စုံစမ်း ဆင်ခြင်၍ ဉာဏ်ဖြင့်ကြည့်လျှင်။ စင်စစ် မမြဲသည်၏အဖြစ်ကို ထင်ရှား သိကြလိမ့်မည်။ ထိုအခါ "အနိစ္စချက်"ကို တီရဏ ပရိညာဉ်ဖြင့် သိသည်မည်၏။ ထိုသို့ ဟုတ်တိုင်းမှန်စွာ သိသော တီရဏ ပရိညာဉ်သည်။ "သမ္မာဒိဋ္ဌိ မဂ္ဂင်"မည်၏။ ထို သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင်၊ သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်တို့လည်း။ ထိုသမ္မာဒိဋ္ဌိနှင့်အတူ တပေါင်းတည်းဖြစ်၍ ပါကြသည်သာတည်း။ ထိုသို့ ဖြစ်ခြင်းကြောင့်၊-ဝိပဿနာ အင်္ဂါ ကမင်္ဂကို။ "အနိစ္စအားဖြင့်" ရှုမြင်ပွားများရာ ရောက်၏။

ထိုနောက်တဘန် ၎င်းဖြစ်ပေါ်သော သုခဝေဒနာကို ဇရာ, မရဏသည် နှိပ်စက်အပ်, မနှိပ်စက်အပ်သည်ကို စုံစမ်းဆင်ခြင်၍

ကြည့်ရှုကြလေ။ ထိုသို့ ကြည့်ရှုကြလျှင်၊ စင်စစ် နှိပ်စက်အပ်သည်၏ အဖြစ်ကို။ ဉာဏ်ဖြင့်မြင်ကြလတ္တံ့။ ထိုသို့ မြင်ပြီးနောက်တဘန် ၎င်းဇရာ, မရဏ၏ အနှိပ်အစက်ကို ခံရသောသုခဝေဒနာသည်။ စင်စစ် ချမ်းသာလေသလော၊သို့မဟုတ် ဆင်းရဲလေသလောဟု စုံစမ်းဆင်ခြင်ကြည့်ရှုကြလေ။ ထိုသို့ ဆင်ခြင်ကြည့်ရှုလေလျှင်။ စင်စစ်မချမ်းသာ ဆင်းရဲသော ဒုက္ခတရားသာလျှင် ဖြစ်သည်၏ အဖြစ်ကို။ စင်စစ် သိမြင်ကြလိမ့်မည်။ ထိုအခါ "ဒုက္ခချက်"ကို တီရဏပရိညာဉ်ဖြင့် သိသည်မည်၏။ ထိုသို့ သိသော တီရဏ ပရိညာဉ်သည်။ "သမ္မာဒိဋ္ဌိမဂ္ဂင်" မည်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင်လည်း။ သမ္မာသင်္ကပ္ပ စသော ကျန် မဂ္ဂင်တို့လည်း။ ထိုသမ္မာဒိဋ္ဌိနှင့် အတူတကွ တပေါင်းတည်း ဖြစ်၍ ပါကြသည်သာတည်း။ ထိုသို့ ဖြစ်ခြင်းကြောင့်။ ဝိပဿနာ အင်္ဂါမဂ်ကို။ "ဒုက္ခအားဖြင့်" ရှုမြင် ပွားများရာရောက်၏။ ထိုသို့ ပွားများတိုင်း, ပွားများတိုင်း၊ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုလှပတင့်တယ်သော အဖြူဟုဆိုအပ်သော ရူပါရုံ၊ ၎င်းရူပါရုံ၏ ထင်ရာဖြစ်သော စက္ခုပသာဒ ရုပ်တို့လည်း ကွယ်ပျောက်ကြလေကုန်၏။

ထိုနောက်တဘန် အလှန်လှပသော အနီဟုဆိုအပ်သော ရူပါရုံအဆင်းကို မြင်ခဲ့အံ့။ ထိုသို့ မြင်သောအခါ၌လည်း။ "ဝုဋ္ဌောစိတ်"သည်။ အလွန်လှပတင့်တယ်စွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုခြင်းကြောင့်။ ၎င်းစိတ်နောက် ဖြစ်ကြကုန်

ဆသော တခု, တခုသော ဇောစိတ်၌ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ပါရှိသည်သာတည်း။ ထိုပါရှိသော သုခဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင်။ စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာ မဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါ, ငါ၏ ဥစ္စာ မဟုတ်လျှင်။ ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ နေ၏လောဟု ဆင်ခြင် ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင်။ စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထို့ကြောင့် ၎င်းသုခဝေဒနာ၌ အစိုးပိုင်သူ, အလိုလိုက်စေတတ်သူ သည်လည်း။ စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုအခါ "အနတ္တချက်" ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည်။ မိမိမှီရာ စိတ်နှင့်တကွ။ ထိုဖြစ်ပေါ်သော နေရာ၌ပင်။ ဇရာမရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ မြင်လျှင် "အနိစ္စချက်" ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်းသုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုလေလျှင်။ စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရလေ၏။ ထိုသို့ မြင်လျှင်၊ ၎င်းသုခဝေဒနာ၏ "ဒုက္ခချက်" ကို တီရဏ ပရိညာဉ် ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။

ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏ အနတ္တချက်, အနိစ္စချက်, ဒုက္ခချက်တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏ ပရိညာဉ်သည်။ စင်စစ် ဟုတ်မှန်သည့်အတိုင်းကို မြင်သောကြောင့် "သမ္မာဒိဋ္ဌိမဂ္ဂင်"မည်၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း။ သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်းဖြစ်ကြကုန်၏။ လိုသို့ ဖြစ်ပါခြင်းကြောင့်၊ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားမျာတိုင်း, ပွားများတိုင်း၊ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝေါ, ဘဝါသဝေါ, ဒိဋ္ဌာသဝေါ, အဝိဇ္ဇာသဝေါတို့သည်။ စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုလှပတင့်တယ်သော အနီဟုဆိုအပ်သော ရူပါရုံ, ထိုရူပါရုံ၏ ထင်ရာဖြစ်သော စက္ခုပသာဒရုပ်တို့လည်း ကွယ်ပျောက်ကြလေကုန်၏။ ထိုရူပါရုံ စက္ခုတို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော စိတ်အစဉ်တို့လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤနည်းကို အမှီပြု၍ လှပတင့်တယ်သော အဝါ, အညို, စသော ရူပါရုံတို့ကို မြင်တိုင်း, မြင်တိုင်း၌လည်း၊ အလွန် လှပတင့်တယ်သည်ဟူ၍ "ဝုဏ္ဏောစိတ်"သည် မှတ်၏။ ထိုသို့ မှတ်တိုင်း, မှတ်တိုင်း ၎င်း ဝုဏ္ဏောစိတ်နောင် ဖြစ်ကြကုန်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာနှင့် ယှဉ်သော "ဇောစိတ်"အစဉ်သည်လည်းဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော သုခဝေဒနာကို။ ရှေး၌ပြဆိုအပ်ပြီးသော နည်းအတိုင်း။ ငါလည်းမဟုတ်, ငါ၏ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရား

လည်းမဟုတ်။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော သုခဝေဒနာ တရားသာလျှင် ဖြစ်ပေ၏ဟု အဘန်တလဲလဲ အာရုံ ပြု၍ သိတိုင်း, သိတိုင်း "အနတ္တ အားဖြင့်" သုခဝေဒနာတရားကို။ တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိသည် မည်၏။ထိုသုခဝေဒနာ တရားတို့သည်။ မိမိ မှီရာ စိတ်နှင့် အတူတကွ ထိုဖြစ်ပေါ်သော နေရာ၌ပင်။ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက် လေသည်ကို ဆင်ခြင် စဉ်းစား၍ မြင်တိုင်း, မြင်တိုင်း။ ၎င်းသုခ ဝေဒနာတရားကို တီရဏ ပ ရိ ညာဉ် ဖြင့် ပိုင်း ဖြတ် ၍။ "အနိစ္စ အားဖြင့်" သိမြင်သည် မည်၏။ထိုသို့ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်းသုခဝေနာ၏ မသက်သာ ဆင်းရဲသည်၏ အဖြစ် ကို။ ဆင်ခြင်စဉ်းစား၍ သိမြင်တိုင်း, သိမြင်တိုင်း။ ၎င်း သုခ ဝေဒနာတရားကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ "ဒုက္ခအား ဖြင့်" သိမြင်သည် မည်၏။ ထိုသို့ သုခဝေဒနာ၏ အနတ္တချက်, အနိစ္စချက်, ဒုက္ခချက်တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏ ပရိ ညာဉ်သည်။ စင်စစ် ဟုတ်မှန်သည့် အတိုင်းကို မြင်သောကြောင့် "သမ္မာဒိဋ္ဌိမဂ္ဂင်"မည်၏။ ထိုသမ္မာဒိဋ္ဌိ မဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း၊ သမ္မာသင်္ကပ္ပ စသော ကျန် မဂ္ဂင်တို့လည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ကြပါကုန်၏။ ထိုသို့ ဖြစ်ပါခြင်း ကြောင့်။ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်၏။

ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း။ ၎င်းပွားများနေသော ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာ အစဉ်၌ ကာမာသဝ အစရှိသော အာသဝေါတရား လေးပါးတို့ သည်။ ဖြစ်ပေါ်ခွင့်ကို မရဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုသို့

ကင်းပျောက်မှုကိုလည်း။ မိမိတို့ခန္ဓာ၌ ပြန်၍ ပြန်၍ ဆင်ခြင်ကြည့်ကြလော့။ ထိုသို့ ကြည့်ရှုလျှင်၊ စင်စစ် ကင်းပျောက်မှန်းကို သိကြလိမ့်မည်။ ထိုသို့ အာသဝေါတရား ကင်းမှန်းကို သိလေလေ။ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားလိုသော ဆန္ဒ အားကြီးလေလေသာ ဖြစ်၏။ ထိုသို့ အားကြီး၍ ပွားများဘန်များလတ်သော်။ ဝိပဿနာ ဉာဏ်သည် ထက်သန်၍ ဤသို့ အစဉ်ကို မြင်လေတော့၏။

မြင်ပုံမှာ–ငယ်စဉ်ကာလ မြင်သော နေ့က စ၍ နေ့စဉ် နေ့စဉ်၊ အလွန် တင့်တယ်ကောင်းမြတ် ရှုချင်ဘွယ်ရှိသော ရူပါရုံတို့ကို မြင်တိုင်း မြင်တိုင်း။ ဝုဋ္ဌောစိတ်သည် အလွန် တင့်တယ် လှပပေစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း၊ သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခဝေဒနာတို့သည်။ မိမိမှီရာ ဇောစိတ်နှင့် အတူတကွ ဖြစ်ပေါ် ဖြစ်ပေါ်ပြီးလျှင်။ ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ချုပ်ကွယ် ပျောက်ကြကုန်၏။ ထိုသို့ ဖြစ်ပျောက်ကုန်သော သုခဝေဒနာတို့သည်။ နှစ်ခုပြိုင် မဖြစ်ဘဲ တခုပြီး တခု ဖြစ်ပေါ်၍သာ။ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော သုခဝေဒနာတို့သည်။ စင်စစ် ငါလည်း မဟုတ်, ငါ၏ ဥစ္စာလည်း မဟုတ်။ အစိုးပိုင်သော တရားလည်း မဟုတ်ကုန်။ စင်စစ် ငါ မဟုတ်သော သုခဝေဒနာတို့သည် သာလျှင်။ နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင်၊ သေသည်ဟု သမုတ်အပ်သော စုတိ

စိတ် ကျရောက်သော အခါ၌သာလျှင်။ ၎င်းသုခ ဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု ဉာဏ်အမြင်သည် ပေါက်ရောက်လေတော့၏။

ထိုနည်းအတူ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာ အစဉ်၌လည်း။ အလွန် တင့်တယ်ကောင်းမြတ် ရှုချင်ဘွယ်ရှိသော ရူပါရုံတို့ကို မြင်တိုင်း, မြင်တိုင်း၊ ဝုဋ္ဌောစိတ်သည် အလွန် လှပတင့်တယ်ပေစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခဝေဒနာတို့သည်။ မိမိမှာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီးလျှင်။ ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော သုခဝေဒနာတို့သည်။ စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်း မဟုတ်, သူ၏ အမိုးပိုင်သော တရားလည်း မဟုတ်။ စင်စစ် ထိုသုခဝေဒနာတို့သည်သာလျှင်။ နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန် ပြီးလျှင်။ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သော အခါ၌သာ။ ၎င်းသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း။ ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည်။ တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိ မဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိဖြစ်လျှင်။ ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင်စသော ခုနစ်

ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများတိုင်း, ပွားများတိုင်း။ ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝေါစသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏၊ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ။ ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍၎င်း၊ သူဟူ၍၎င်း၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူ၍၎င်း။ အလျင်းမရှိကုန်ဘဲ၊ ထိုသုခဝေဒနာတို့သည်သာလျှင်၊ မိမိခန္ဓာ အစဉ်၌၎င်း။ သူတပါးခန္ဓာ အစဉ်၌၎င်း၊ ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ် ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင်၊ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရပြီးလျှင်ချုပ်ကွယ်ပျောက်သွားကြသည်ကိုတရေးရေး မြင်လေ၏။

ထိုသို့ မြင်လျှင်၊ ၎င်းသုခဝေဒနာတို့ကို။ စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ အဘယ့်ကြောင့် ရောက်သနည်းဟူမူ။ ၎င်းသုခဝေဒနာတို့သည် စင်စစ် ငါ,သူ, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက်။ ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင်။ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့်။ ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်

ဖြင့် မြင်လေသောကြောင့်။ စင်စစ် စက်ဆုပ်ငြီးငွေ့လေသည် ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ။ ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌။ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

## သဒ္ဒါရုံလျှင် အကြောင်းရှိသောဝေနာ၌ ပွားများပုံ။

ထိုနောက် တဘန် ရူပါရုံအကြောင်းခံ၍ ဖြစ်သော သုခဝေဒနာကို ရှုသလို။ သဒ္ဒါရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ၊ အကြင်အခါ အလွန် နာချင်ဘွယ်ရှိသော ကောင်းမြတ်သော အသံကို ကြားခဲ့သည် ဖြစ်၏။ ထိုအခါ ဝိညာဉ်စိတ်သည် အလွန် သာယာ နာပျော်ဘွယ် ရှိပေစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာကို။ ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင်။ စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင်။ စင်စစ် ငါ၏ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း။ငါ, ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီး

ဘဲမနေနိုင်။ စင်စစ် ပျက်စီးမည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာကို အစိုးပိုင်သူ, အလိုလိုက်စေတတ်သော သူ သည်လည်း။ စင်စစ်မရှိသည်၏ အဖြစ်ကို မြင်ကြလိမ့်မည်။ ထိုသို့မြင်သောအခါ "အနတ္တအချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက် တဖန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည်၊ မိမိမှာ စိတ်နှင့် တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင်။ ဇရာ, မရဏာ၏ အနှိပ်စက်ခံရ၍ ကွယ်ပျောက်လေတော့၏။

ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စအချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရသော ၎င်းသုခဝေဒနာကို။ ချမ်းသာလေသလော, ဆင်းရဲလေသလော ဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင်။ စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာ၏ "ဒုက္ခအချက်" ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။

ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ကို ပိုင်းဖြတ် သိမြင်သော တီရဏပရိညာဉ်သည်။ ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့်။ သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း။ သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်းဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ

ရောက်၏။ ထိုသို့ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း,ပွားများတိုင်း။ ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည်။ စင်စစ် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုသာယာနာပျော်ဘွယ်ရှိသော အသံတည်းဟူသော သဒ္ဒါရုံ, ထိုအသံ၏ ထင်ရာဖြစ်သော နားအကြည်ဟု ဆိုအပ်သော သောတ ပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုသဒ္ဒါရုံ အသံ, သောတပသာဒ တည်းဟူသော နားအကြည်တို့ကို။ အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ကြားခဲ့သော နေ့ကစ၍ အစဉ်မပြတ်။ သာယာနာပျော်ဘွယ်ရှိသော အသံတို့ကို။ ကြားတိုင်း,ကြားတိုင်း။ ရွှင်ရွှင်လန်းလန်း၊ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ် အစဉ်၌ ပါသော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာတို့သည်။ ဖြစ်၍, ဖြစ်၍ ဇရာ,မရဏတို့၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော သုခဝေဒနာသည်။ ရှေးဦးစွာ ဇရာ, မရဏတို့၏ အနှိပ်အစက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သောသုခဝေနာသည်လည်း။ ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက် တဘန် ဆက်သွယ်၍ ဖြစ်သော သာယာချမ်းမြေ့စွာခံစားတတ်

သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းသုခဝေဒနာတို့သည်။ တခုပြီး တခုစီသာလျှင်။ ဆက်ခါ, ဆက်ခါ ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။

ထိုသုခ ဝေဒနာတို့သည် နှစ်ခု ပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင်၊ ငယ်စဉ် ကာလက။ ရှေးဦးစွာ ကြားသော နေ့ကစ၍ စုတိစိတ် ကျခါနီးတိုင်အောင်။ ရှေးဦးစွာ သာယာနာချင်ဘွယ်ရှိသော အသံကို ကြားတိုင်း, ကြားတိုင်း၌ ရှေးဦးစွာ သုခဝေဒနာ အစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏာ၏ အနှိပ်စက်ကိုခံ၍ ကွယ်ကြလေကုန်၏။ ထိုအသံနှင့် နားအကြည်တို့လည်း၊ ဇရာ, မရဏာ၏ အနှိပ်စက်ခံ၍ ကွယ်ကြကုန်သည်သာတည်း။ ထိုနောက်တဘန် သာယာနာချင်ဘွယ်ရှိသော အသံကို ကြားပြန်သောအခါ၌လည်း ရှေးနည်းအတူ သာယာချမ်းမြေ့စွာ ခံစားကတ်သော သုခဝေဒနာအစဉ်တို့သည်လည်း ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ကြလေကုန်၏။ ထိုအသံနှင့် အသံ၏ ထင်ရာဖြစ်သော သောတပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင် ငယ်စဉ်ကာလ ကြားတတ်သော နေ့ကစ၍ သေသည်ဟု ဆိုအပ်သော စုတေခါနီးသည်တိုင်အောင်။ သာယာ နာချင်ဘွယ်ရှိသော အသံတို့ကို ကြားတိုင်း, ကြားတိုင်း၊ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာတို့သည်သာလျှင်။ ဖြစ်သင့်သော အကြောင်းအား

လျော်စွာ မပြတ်ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ,မရဏာ၏အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။

ထိုကွယ်ပျောက်ကုန်သော သုခ ဝေဒနာတို့သည်။ စင်စစ် ငါလည်း မဟုတ်, ငါ၏ ဥစ္စာလည်းမဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်ကုန်။ စင်စစ် ငါမဟုတ်သော သုခဝေဒနာ တို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်း အားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက်ကြကုန်ပြီး လျှင် စုတိစိတ် ကျရောက်သော အခါ၌သာလျှင် ၎င်းအသံကို အကြောင်းခံ၍ ဖြစ်ကြကုန်သော သုခဝေဒနာ၏ ဖြစ်မှု အစဉ် တို့သည် ပြတ်စဲ လေကုန်တော့သည် ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ် သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော သုခဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် နာချင်ဘွယ်ကောင်းမြတ်သော အသံဟု ဆိုအပ်သော သဒ္ဒါရုံကို ကြားတိုင်း,ကြားတိုင်း၊ ဝုဋ္ဌောစိတ်သည် အလွန်သာယာနာပျော် ဘွယ်ရှိပေစွ တကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ပြုတိုင်း, ပြုတိုင်း၊ သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခ ဝေဒနာတို့သည်။ မိမိ မိမိတို့၏ မှီရာဇောစိတ်နှင့် တကွ ဖြစ်ပေါ်ပြီးလျှင်။ ထိုနေရာ၌ပင် ဇရာ,မရဏာ၏ အနှိပ်စက်ကို ခံရ ကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန် သော သုခဝေဒနာတို့သည်။ စင်စစ် သူလည်း မဟုတ်, သူ၏

ဥစ္စာလည်းမဟုတ်, သူ၏ အစိုးပိုင်သော တရားလည်းမဟုတ်။ စင်စစ် ထိုသုခ ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက် ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သော အခါ၌ သာလျှင် ၎င်းသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင်စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း,ပွားများတိုင်း။ ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝစသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာ အစဉ်၌ ငါဟူ၍၎င်း၊ သူဟူ၍၎င်း။ လူ, နတ်ဗြဟ္မာ, သတ္တဝါ ဟူ၍၎င်း။ အလျှင်းမရှိကုန်ဘဲ။ ထိုသုခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌၎င်း။ သူတပါးခန္ဓာအစဉ်၌၎င်း။ ဖြစ်သင့်သော

အကြောင်းအားလျော်စွာ ဖြစ်ပေါ်,ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သောနေရာ၌ပင်။ ဇရာ, မရဏာ၏ အနှိပ်စက်ကိုခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေ၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ။ ၎င်းသုခ ဝေဒနာတို့သည် ငါ, သူ, သတ္တဝါစသော အတ္တ မဟုတ်ဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ,မရဏာ၏ အနှိပ်စက်ကိုခံရခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်,ပျက်နေကုန်သည်၏အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့်၊ စင်စစ် စက်ဆုပ်ငြီးငွေ့သည်ဟူလို။ထိုသို့စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ် အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကင်းလေလေသာ ဖြစ်ကုန်၏။

## ဂန္ဓာရုံလျှင် အကြောင်းရှိသော ဝေဒနာ၌ ပွားများပုံ။

ထိုနောက်တဘန်။ သဒ္ဒါရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာကို ရှုသလို။ ဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ၌ အလွန်နမ်းချင်ဘွယ်ရှိသော ကောင်းမြတ်သော အနံ့ ကို နမ်းခဲ့သည်ဖြစ်အံ့ ထိုအခါ ဝုဋ္ဌောစိတ်သည် အလွန်ကောင်းမြတ်

မွေးကြိုင်သော အနံ့ပါတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ပြုတိုင်း ပြုတိုင်း သာယာ ချမ်းမြေ့စွာ ခံစားတတ်သော သုခ ဝေဒနာနှင့် ယှဉ်သော ဇောစိတ် အစဉ်သည်ဖြစ်၏။ ထို ဇောစိတ်အစဉ်၌ ပါရှိသော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခ ဝေဒနာကို။ ငါဟုတ်၊ မဟုတ်ကို စုံစမ်း ဆင်ခြင်လျှင်။ စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကို ၎င်း။ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာမဟုတ်သည်၏ အဖြစ်ကို၎င်း။ ငါ၊ ငါ၏ ဥစ္စာ မဟုတ် လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိအံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ မနေနိုင်။ စင်စစ် ပျက်စီးမည်ကို သာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာကို အစိုးပိုင်သူ၊ အလိုလိုက်စေတတ်သော သူသည်လည်း။ စင်စစ် မရှိသည်၏ အဖြစ်ကို၎င်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ။ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိသည်မည်၏။

ထို့နောက် တဘန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည်။ မိမိ မှီရာ စိတ်နှင့် တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ် ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စ ချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်းသုခဝေဒနာကို ချမ်းသာ လေသလော၊ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင် လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရ

ခလေ၏။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာ၏ 'ဒုက္ခချက်' ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏ အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပ စသောကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွတပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာအင်္ဂဝိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာအင်္ဂဝိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တို့သည် စင်စစ် ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန် နှမ်းချင်ဘွယ် ရှိသော ကောင်းမြတ်သော အနံ့တည်းဟူသော ဂန္ဓာရုံ, အနံ့၏ထင်ရာဖြစ်သော နှာခေါင်းအကြည်ဟု ဆိုအပ်သော ဃာနပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။ ထိုဂန္ဓာရုံအနံ့, ဃာနပသာဒ တည်းဟူသော နှာခေါင်း အကြည်တို့ကိုအကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ် တို့ သည် လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သော နည်းကို အစဉ် မှီး၍ ငယ်စဉ်ကာလ နမ်းခဲ့သော နေ့က စ၍ အစဉ်မပြတ် အလွန် နမ်းချင်ဘွယ် ရှိသော အနံ့တို့ကို နမ်းတိုင်း,နမ်းတိုင်း၊ ရှင်ရှင်လန်းလန်းသာယာ ချမ်း

မြေ့စွာ ခံစားတတ်သော သုခဝေဒနာ အစဉ်သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော သုခဝေဒနာသည်။ ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဖန်ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက် တဘန် ဆက်သွယ်၍ ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းသုခဝေဒနာတို့သည် တခုပြီး, တခုသာလျှင် ဆက်ခါ, ဆက်ခါ, ဖြစ်၍,ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ကြလေ၏။

ထိုသုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင်။ ငယ်စဉ်ကာလက ရှေးဦးစွာ နမ်းခဲ့သော နေ့က စ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန် နမ်းချင်ဘွယ်ရှိသော အနံ့ကို နမ်းတိုင်း, နမ်းတိုင်း၌ ရှေးဦးစွာ သုခဝေဒနာအစဉ်တို့သည် ဖြစ်၍ ဖြစ်၍၊ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရ၍ ပျက်ကြလေကုန်၏။ ထိုအနံ့နှင့် နှာခေါင်းအကြည်တို့လည်း ဇရာ, မရဏ၏ အနှိပ်စက်ကို ခံ၍ ကွယ်ကြလေကုန်သည်သာတည်း။ ထိုနောက် တဘန်။ အလွန် နမ်းချင်ဘွယ်ရှိသော အနံ့ကို နမ်းပြန်သောအခါ၌လည်း။ ရှေးနည်းအတူ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာအစဉ်တို့

သည်လည်း ဖြစ်ပေါ်ပြီးလျှင်။ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ကြဲလေကုန်၏။ ထိုအနံ့နှင့် အနံ့၏ ထင်ရာဖြစ်သော ဃာနပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ နမ်းတတ်သော နေ့က စ၍။ သေသည်ဟု ဆိုအပ်သော စုတေခါနီးသည်တိုင်အောင်။ အလွန် နမ်းချင်ဘွယ်ရှိသော အနံ့တို့ကို နမ်းတိုင်း, နမ်းတိုင်း။ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာအစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ။ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော သုခဝေဒနာတို့သည်။ စင်စစ် ငါလည်း မဟုတ်, ငါ၏ ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ် စင်စစ် ငါမဟုတ်သော သုခဝေနာတို့သည်။ နေ့ရှိသမျှ, ရက်ရှိသမျှဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ။ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင်။ စုတိစိတ် ကျရောက်သော အခါ၌သာလျှင် ၎င်းအနံ့ကို အကြောင်းခံ၍ ဖြစ်ကြကုန်သော သုခဝေဒနာ၏ ဖြစ်မှုအစဉ်သည်။ ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ် သိ မြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက် တဘန်။ သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ် ဖြစ်သော သုခဝေဒနာအစဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် နမ်းချင်

ဘွယ်ကောင်းမြတ်သော အနန္တဟု ဆိုအပ်သော ဂန္ဓာရုံကို နမ်းတိုင်း, နမ်းတိုင်း၊ ဝဋ္ဋေဘစိတ်သည် အလွန် နမ်းချင်ဘွယ် ရှိပေစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း၊ သာသာယာယာချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခ ဝေဒနာတို့သည်။ မိမိ, မိမိတို့၏ မှီရာ ဇောစိတ်နှင့် တကွ ဖြစ်ပေါ်ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော သုခဝေဒနာတို့သည်စင်စစ်သူလည်းမဟုတ်၊သူ၏ဥစ္စာလည်းမဟုတ်, သူ၏အစိုးပိုင်သော တရားလည်း မဟုတ်။ စင်စစ် ထိုသုခဝေဒနာတို့သည် သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်,ပျက်ကြကုန်ပြီးလျှင်သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သော အခါ၌သာ ၎င်းသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည်၊ တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။ ထို သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင်စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း။ အတူတကွတပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည် သာတည်း။ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့်၊ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း။ ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာ

အစဉ်တို့၌ ကာမာသဝစသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အင်္ဂါကမဂ်ကိုပွား များလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ငှင်း။ သူဟူ၍ငှင်း။လူ, နတ်,ဗြဟ္မာ, သတ္တဝါဟူ၍ငှင်း။ အလျင်းမရှိဘဲ ထိုသုခဝေဒနာတို့သည် သာလျှင်။ မိမိခန္ဓာအစဉ်၌ငှင်း။ သူတပါးခန္ဓာအစဉ်၌ငှင်း။ ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင်၊ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ် ပျောက်သွားကြသည်တို့ကို တရေးရေး မြင်လေ၏။

ထိုသို့မြင်လျှင်၊ ငှင်းသုခဝေဒနာတို့ကို စင်စစ်အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ။ ငှင်းသုခဝေဒနာတို့သည် ငါ, သူ, သတ္တဝါ စသော အတ္တမဟုတ်ပါဘဲလျက်၊ဖြစ်သင့်သော အကြောင်းအား လျော်စွာ ဖြစ်ပေါ်ပြီးလျှင်။ ဇရာ, မရဏ၏ အနှိပ်စက်ခံရခြင်း ကြောင့်။ ဆင်းရဲဒုက္ခတရားသာ အမှန် ဖြစ်လေကုန်၏။ ထို ဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်,ပျက်နေကုန် သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင် ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည် ဟူလို။ ထိုသို့ စက်ဆုပ် ငြီးငွေ့လေလေ၊ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့ သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်၏။

# ရသာရုံလျှင် အကြောင်းရှိသော ဝေဒနာဖြစ်ပွားများပုံ။

ထိုနောက်တဘန်၊ ဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာကို ရှုသလို။ ရသာရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ အလွန်လျက်ချင်ဘွယ် ကောင်းမြတ်သော အရသာကို လျက်ခဲ့သည်ဖြစ်အံ့။ ထိုအခါ ဝိဉ္ဉာဏ်စိတ်သည် အလွန်ကောင်းမြတ်သော အရသာပါတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း ပြုတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာကို ငါဟုတ်မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာ မဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါ၊ ငါ၏ ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်မစီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာ၌ အစိုးပိုင်သူ့ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ်မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည် မိမိ မှီရာစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာဌပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ကွယ်ပျောက် သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍သိမြင်လျှင်“အနိစ္စအချက်”ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်းသုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လျှင် ၎င်းသုခ ဝေဒနာ၏ “ဒုက္ခအချက်”ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏“အနတ္တ အချက်, အနိစ္စအချက်, ဒုက္ခအချက်”တို့ကို ပိုင်းဖြတ်၍ သိမြင် သောတီရဏပရိညာဉ်သည် ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။ ထိုသမ္မာဒိဋ္ဌိ မဂ္ဂင် ဖြစ်တိုင်း,ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့ လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါ ကြကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာ အစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့ သည် စင်စစ်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။

အလွန် လျက်ချင်ဘွယ်ရှိသော ကောင်းမြတ်သော အရသာ တည်းဟူသော ရသာရုံ, အရသာ၏ ထိခိုက်ရာဖြစ်သော လျှာ အကြည်ဟု ဆိုအပ်သော ဇိဝှာပသာဒရုပ်တို့လည်း ကွယ်ပျောက် ကြကုန်၏။ ထိုရသာရုံ အရသာ,ဇိဝှာပသာဒတည်းဟူသောလျှာ

4 (တတိယနှိပ်ခြင်း)

အကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။ ဤပြဆိုသော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ လျက်ခဲ့သော နေ့ကစ၍ အစဉ်မပြတ် အလွန် လျက်ချင်ဘွယ်ရှိသော အရသာတို့ကို လျက်ကိုင်း, လျက်တိုင်း ရှင်ရှင်လန်းလန်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာအစဉ်သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏတို့၏ အနှိပ်စက်ကိုခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ရှေးဦးစွာဖြစ်သောသုခဝေဒနာသည် ရှေးဦးစွာဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်ဆက်၍တဘန် ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းသုခဝေဒနာတို့သည် တခုပြီးတခုစီသာလျှင် ဆက်ခါ,ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံပြီးလျှင် ချုပ်ကွယ်ကြလေ၏။

ထို သုခဝေဒနာစိတ်တို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ လျက်သော နေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန်လျက်ချင်ဘွယ်ရှိသော အရသာကို လျက်တိုင်း,လျက်တိုင်း၌ ရှေးဦးစွာ သုခဝေဒနာအစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြလေကုန်၏။ ထိုအရသာနှင့်

သျှာအကြည်တို့လည်း ဇရာ,မရဏ၏အနိပ်စက်ကိုခံ၍ ကွယ်ကြလေသည်သာတည်း။ထိုနောက်တဘန် အလွန်လျက်ချင်ဘွယ်ရှိသောအရသာကို လျက်ပြန်သောအခါ၌လည်း ရှေးနည်းအတူ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာအစဉ်တို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနိပ်စက်ကိုခံရ၍ ကွယ်ကြလေကုန်၏။ ထိုအရသာနှင့် အရသာ၏ ထိခိုက်ရာဖြစ်သော ဇိဝှာပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ,မရဏ၏ အနိပ်စက်ကိုခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ လျက်တတ်သော နေ့ကစ၍ စုတေခါနီးသည့် တိုင်အောင် အလွန် လျက်ချင်ဘွယ်ရှိသော အရသာတို့ကို လျက်တိုင်း, လျက်တိုင်း သာယာ ချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာ အစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်ပေါ်ပြီး၍ ဇရာ,မရဏ၏ အနိပ်စက်ကိုခံပြီးလျှင် ကွယ်ပျောက်လေ၏။ ထိုကွယ်ပျောက်ကုန်သော သုခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်, ငါ၏ ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော သုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှဖြစ်ပေါ်သင့်သောအကြောင်းအားလျော်စွာ မပြတ်မလတ်ဖြစ်,ပျက်ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သောအခါ၌သာလျှင် ၎င်းအရသာကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော သုခဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် လျက်ချင်ဘွယ် ကောင်းမြတ်သော အရသာဟု ဆိုအပ်သော ရသာရုံကို လျက်တိုင်း လျက်တိုင်း ဝမ္ဗောစိတ်သည် အလွန် လျက်ချင်ဘွယ်ရှိပေစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း ပြုတိုင်း သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သော သုခဝေဒနာတို့သည် မိမိ မိမိတို့၏မှီရာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ် ဖြစ်ပေါ်ကြပြီးလျှင် ထိုနေရာ၌ပင် ဇရာ မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ် ပျောက်ကြရကုန်သော သုခ ဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်၊ သူ၏ ဥစ္စာလည်းမဟုတ်၊ သူ၏ အစိုးပိုင်သော တရား လည်းမဟုတ်၊ စင်စစ် ထိုသုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ် ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ၌သာ ၎င်းသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု သမုတ် အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက် ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။ ထို သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင် စသော

(၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ် ကြကုန်သည်သာ တည်း။ ထို သို့ ဖြစ် ပေါ် ခြင်း ကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြ လေကုန်၏။ ထိုသို့ကင်းသည်၏အဖြစ်ကို ဆင်းခြင်းကြည့်ရှု၍မြင် လေလေ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများ လေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ, သူတပါး ခန္ဓာ အစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရင်း အလျင်းမရှိကုန်ဘဲ ထိုသုခဝေဒနာတို့သည် သာလျှင် မိမိခန္ဓာအစဉ်၌ရင်း၊ သူတပါးခန္ဓာအစဉ်၌ရင်း ဖြစ် သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြ ကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ အနှိပ်စက် ကိုခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေး မြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာတို့ကို စင်စစ်အလိုမရှိဘဲ ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ အဘယ်ကြောင့် ရောက် ရောက်လေသနည်းဟူမူ၊ ၎င်းသုခဝေဒနာတို့သည် ငါ, သူ, သတ္တဝါစသော အတ္တမဟုတ်ဘဲလျက် ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ရခံခြင်းကြောင့် ဆင်းရဲ ဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထို ဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်ပျက်နေကုန်

သည့်၏ အဖြစ်ကို တီရဏာပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ် ငြီးငွေ့လေ သည်ဟူလို။ ထိုသို့စက်ဆုပ်ငြီးငွေ့လေလေယောဂါဝစရပုဂ္ဂိုလ်ဟူ သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်း လေ လေ သည် သာ ဖြစ်ကုန်၏။

## ဖေါဿဗ္ဗာရုံလျှင် အကြောင်းရှိသော ဝေဒနာ၌ ပွားများပုံ။

ထိုနောက် တဘန် ရသာရုံကို အကြောင်းခံ၍ ဖြစ်သော သုခ ဝေဒနကို ရှုသလို။ ဖေါဿဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော သုခ ဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ အလွန် နူးညံ့ပြေပြစ်ချောမွတ်သော နှစ်သက်အပ်သော အတွေ့ နှင့် တွေ့ထိခဲ့သည် ဖြစ်အံ့။ ထိုအခါ ဝင္ဒောစိတ်သည် အလွန် ကောင်းမြတ်သော အတွေ့ပါတကားဟု မှတ်သားခြင်းကို ပြုပေ ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ် သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိ သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာကို ငါဟုတ်မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုဝင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင် လျှင် စင်စစ် ငါ၏ဥစ္စာ မဟုတ်သည်၏ အဖြစ်ကိုဝင်း။ ငါ၏ ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့ အံ့။ ထိုသို့ အလိုရှိကိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့် ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်

စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာ၌ အစိုးပိုင်သူ အလိုလိုက်စေတတ်သောသူ သည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကို၎င်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်မည်သည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည် မိမိမှီရာ စိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်ကို" တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်းသုခဝေဒနာကို ချမ်းသာလေသလော၊ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်းသုခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။

ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏ "အနတ္တအချက်၊ အနိစ္စအချက်၊ ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏၊ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း၊ ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာ

သဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ်ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန်နူးညံ့ ပြေပြစ်ချောမွတ်သော နှစ်သက်အပ်သော အတွေ့သဘောရှိသော ဖေါဋ္ဌဗ္ဗတည်းဟူသော ဖေါဋ္ဌဗ္ဗာရုံ, ထိုဖေါဋ္ဌဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယအကြည်ဟု ဆိုအပ်သော ကာယပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံ, ကာယပသာဒတည်းဟူသော ကာယအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ တွေ့ထိခဲ့သောနေ့ကစ၍ အစဉ်မပြတ် အလွန်နူးညံ့ ပြေပြစ်ချောမွတ်သော နှစ်သက်အပ်သော အတွေ့သဘောရှိသော ဖေါဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း, တွေ့ထိတိုင်း ရွှင်ရွှင်လန်းလန်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာတို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာ ဖြစ်သော သုခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍တဘန်ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်လေ၏။

ဤသို့လျှင် ဝင်းသုခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင်, ဆက်ခါ, ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ကြ လေကုန်၏။ ထိုသုခဝေဒနာ စိတ်တို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ တွေ့ထိသောနေ့ကစ၍ စုတိစိတ်ကျခါနီးသည့်တိုင်အောင် ရှေးဦးစွာ အလွန် တွေ့ထိချင်ဘွယ်ရှိသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိတိုင်း,တွေ့ထိတိုင်း၌ ရှေးဦးစွာ သုခဝေဒနာ အစဉ်တို့သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြလေကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံနှင့် ကာယအကြည်တို့လည်း ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ကွယ်ကြကုန်သည်သာတည်း။ ထိုနောက်တဘန် အလွန်နူညံ့ ပြေပြစ်ချောမွတ်သော နှစ်သက်အပ်သော အတွေ့သဘောရှိသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိပြန်သောအခါ၌လည်း ရှေးနည်းအတူ သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာ အစဉ်တို့သည်လည်း ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ကြလေကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံနှင့် ဖေါဋ္ဌဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ,မရဏ၏အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ တွေ့ထိတတ်သော နေ့ကစ၍ စုတိအခါနီးသည့်တိုင် အလွန်တွေ့ထိချင်ဘွယ်ရှိသော ဖေါဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း,တွေ့ထိတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာအစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ,မရဏ၏ အနှိပ်

စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြကုန်၏။ ထိုကွယ်ပျောက်ကုန်သော သုခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်, ငါ၏ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော သုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင် စုတိစိတ်ကျရောက်သောအခါ၌ သာလျှင် ၎င်းဖေါ်ဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော သုခဝေဒနာ၏ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်လေတော့၏။

ထိုသို့မိမိခန္ဓာ၌ဖြစ်သောသုခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟုဆိုအပ်သော ဗဟိဒ္ဓခန္ဓာ အစဉ်၌ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ-သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန်နူးညံ့ ပြေပြစ် ချောမွတ်သော နှစ်သက်ဘွယ်ကောင်းသော ဖေါ်ဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ဖေါ်ဋ္ဌဗ္ဗကို တွေ့ထိတိုင်း, တွေ့ထိတိုင်း ဝုဋ္ဌောစိတ်သည် အလွန် တွေ့ထိချင်ဘွယ် ရှိပေစွ တကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း သာသာယာယာချမ်းချမ်းမြေ့မြေ့ခံစားတတ်သော သုခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာဇောစိတ်နှင့် တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော သုခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်း မဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်။ စင်စစ် ထိုသုခဝေဒနာ တို့သည်သာလျှင်

နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်,ပျက်ကြကုန်ပြီး၍ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ၌သာ ၎င်းသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာ ဖြစ် စဉ် ၌ လည်း ဉာဏ် အ မြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏ ပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်လေ၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများ တိုင်း ယော ဂါ ဝ စ ရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါ တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရင်း၊ အလျှင်းမရှိကုန်ဘဲ ထိုသုခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌ ၎င်း, သူတပါးခန္ဓာအစဉ်၌၎င်း, ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာတို့ကို စင်စစ်အလိုမရှိဘဲ ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းသုခဝေဒနာတို့သည် ငါ့သူ့ သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်,ပျက်နေကုန်သည်၏ အဖြစ်ကို တိရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည် ဟူလို။ ထိုသို့စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

## ဓမ္မာရုံလျှင် အကြောင်းရှိသော ဝေနာ၌ ပွားများပုံ။

ထိုနောက်တဘန် ဖေါဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာကို ရှုသလို။ စက္ခုစသော ဓမ္မာရုံကို အကြောင်းခံ၍ ဖြစ်သော သုခဝေဒနာကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ အလွန် နှစ်သက်ဘွယ်ရှိသော ဓမ္မာရုံတပါးပါးကို အာရုံပြု၍ အလွန် နှစ်သက်စရာဟု ကြံစည်အောက်မေ့မိတိုင်း, အောက်မေ့မိတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝီထိဟု ဆိုအပ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော သာယာ ချမ်းမြေ့စွာ

ခံစားတတ်သော သုခဝေဒနာကို ငါဟုတ် မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် ငါ၏ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း။ ငါ, ငါ၏ ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်မစီးရအောင်ကို အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ မနေနိုင် စင်စစ် ပျက်စီးရမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာ၌ အစိုးပိုင်သူ, အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်ဘဘန် ထိုဖြစ်ပေါ်သော သုခဝေဒနာသည် မိမိမှာ စိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရသော သုခဝေဒနာကို ချမ်းသာလေသလော ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှု၍ ဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရလေ၏။ ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာ၏ "ဒုက္ခချက်" ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။ ထိုပြဆိုအပ်ပြီးသော သုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာအင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သောခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကြဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုဓမ္မာရုံ, ဓမ္မာရုံကို အာရုံပြုကြသော သုခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝီထိ ဇောစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်ပြီးသော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလကစ၍ အလွန် နှစ်သက်အပ်သော ဓမ္မာရုံတို့ကို အလွန် နှစ်သက်စရာ၏ အဖြစ်ဖြင့် စိတ်ကူးတိုင်း, စိတ်ကူးတိုင်း သာယာချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာတို့သည် မိမိမှီရာ ဇောစိတ်နှင့်တကွ အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်၍ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ် ပျောက်ကြလေကုန်၏။ ထိုသို့ ကွယ်ပျောက်ရာ၌ ရှေးဦးစွာ ဖြစ်သော သုခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော သာယာ ချမ်းမြေ့စွာ ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော သာယာချမ်းမြေ့စွာ

ခံစားတတ်သော သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။

ဤသို့လျှင် ၎င်းသုခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ ဆက်ခါ ဖြစ်ပေါ်, ဖြစ်ပေါ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။ ထိုသုခဝေဒနာစိတ်တို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုး မရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလက စ၍ နေ့စဉ် ရှေးဦးစွာ အလွန် နှစ်သက်အပ်သော ဓမ္မာရုံကို စိတ်ကူး၍ သာသာယာယာချမ်းချမ်း မြေ့မြေ့ ခံစားတတ်သော ဇောစိတ်အစဉ်၌ဖြစ်သော သုခဝေဒနာအစဉ်တို့သည်သာလျှင် ဖြစ်ပေါ်, ဖြစ်ပေါ်ကုန်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရပြီးလျှင်ကွယ်ပျောက်ကြလေကုန်၏။ ထိုနောက်ဖြစ်သော ဇောစိတ်အစဉ်၌ ပါရှိသော သုခဝေဒနာတို့သည်လည်း ထိုနောက် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြကုန်၏။ ဤသို့လျှင် အလွန်နှစ်သက်အပ်သော ဓမ္မာရုံကိုအာရုံပြု၍ ဖြစ်ကုန်သော သုခဝေဒနာတို့၏ဖြစ်စဉ်သည် စုတိကျရောက်ခါနီးတိုင်အောင် ဖြစ်, ပျက်ကြလေကုန်၏။ ထိုသို့ အစဉ် မပြတ်ဖြစ်, ပျက်နေကြကုန်သော သုခဝေဒနာတို့သည် စင်စစ် ငါလည်း ဟုတ်, ငါ၏ ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော သုခဝေဒနာတို့သည်သာ နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်း အားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် စုတိစိတ်ကျရောက်သော အခါ၌သာလျှင် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ် သိမြင်လေတော့၏။

## ဝေဒနာသုံးစား၌ အဇ္ဈတ္တ ဗဟိဒ္ဓ အားဖြင့် ရှုပွားပုံ။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ဖြစ်သော သုခဝေဒနာဖြစ်စဉ်ကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-သူတပါးဟု သမုတ် အပ်သောဗဟိဒ္ဓခန္ဓာ အစဉ်၌လည်း အလွန် နှစ်သက်အပ်သော ဓမ္မာရုံတပါးပါးကို အလွန်နှစ်သက်ဘွယ်ရှိ၏ဟူ၍ စိတ်ကူးကြံစည်တိုင်း သာသာယာယာ ချမ်းချမ်းမြေ့မြေ့ခံစားတတ်သော သုခဝေဒနာတို့သည် မိမိ,မိမိတို့၏မိတ်ရာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ်,ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင်ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော သုခဝေဒနာတို့သည်စင်စစ်သူလည်းမဟုတ်, သူ၏ဥစ္စာလည်း မဟုတ်, သူအစိုးပိုင်သော တရားလည်းမဟုတ်၊ စင်စစ် ထိုသုခ ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ စိတ်ကူးတိုင်း, စိတ်ကူးတိုင်းဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ၌သာ ထိုသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သောသူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လျှင် ကျန်သမ္မာသင်္ကပ္ပစသော မဂ္ဂင် (၇)ပါးတို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများတိုင်း ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, အစရှိသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြဲလေကုန်၏။ ထိုသို့ကင်းသည်၏အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများလေလေသာဖြစ်၏။ ထိုသို့ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရင်း။ သူဟူ၍ရင်း လူ,နတ်, ဗြဟ္မာ, သတ္တဝါ ဟူ၍ရင်း အလျှင်းမရှိကုန်ဘဲ ထိုသုခဝေဒနာ တို့သည် သာလျှင် မိမိခန္ဓာ အစဉ်၌ရင်း၊ သူတပါးခန္ဓာအစဉ်၌ရင်း ဖြစ်သင့်သောအကြောင်း အားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရပြီးလျှင် ချုပ်ကွယ် ပျောက်သွားကြသည်တို့ကို တရေးရေး မြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းသုခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းသုခဝေဒနာတို့သည် ငါ,သူ,သတ္တဝါ စသော အတ္တမဟုတ်ဘဲလျက် ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရခြင်း

ကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားသည်သာလျှင် အဘန်တလဲလဲ ဖြစ်,ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏာပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ် ငြီးငွေ့လေသည်ဟူလို။ ထိုသို့စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား ၄-ပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသာဖြစ်ကုန်၏။

## ဒုက္ခဝေဒနာ အားဖြင့် ပွားများပုံ။

သုခဝေဒနာကို အာရုံခြောက်ပါးဖြင့် ရှုသလို၊ ဒုက္ခဝေဒနာကိုလည်း ရှုအပ်၏။ရှုပုံမှာ၊ အကြင်အခါ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော ရူပါရုံကို မြင်ခဲ့အံ့။ ထိုအခါ ဝုဋ္ဌောစိတ်သည် အလွန်မနှစ်သက်စရာ စက်ဆုပ်စရာ ကောင်းစွတကားဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း,ပြုတိုင်း မသာမယာဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ထိုဇောစိတ်အစဉ်၌ ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်း ဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာ မဟုတ်သည်၏ အဖြစ်ကိုရင်း။ငါ၏ဥစ္စာ မဟုတ်လျှင် ရင်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာရင်း

မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာ၌ အစိုးပိုင်သူ့ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏အဖြစ်ကို မြင်ကြလိမ့်မည်။ ထိုသို့မြင်သောအခါ "အနတ္တချက်"ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော ဒုက္ခဝေဒနာသည် မိမိမှီရာစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ့မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ့မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်းဒုက္ခဝေဒနာကို ချမ်းသာလေသလော့၊ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော ဒုက္ခဝေဒနာ၏ "အနတ္တအချက်၊ အနိစ္စအချက်၊ ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏ ပရိညာဉ်သည် ဟုတ်မှန်သည့် အကိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း၊ ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့သည်း ထိုသမ္မာဒိဋ္ဌိ မဂ္ဂင်နှင့် အတူတကွ တပေါင်းတည်းဖြစ်ပါကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း၊ ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာ

သဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်း
ပျောက်ကြလေကုန်၏။ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော
အဆင်းတည်းဟူသော ရူပါရုံ, ထိုရူပါရုံ၏ ထိခိုက်ရာ ဖြစ်သော
စက္ခု အကြည်ဟု ဆိုအပ်သော စက္ခုပသာဒ ရုပ်တို့သည်လည်း
ကွယ်ပျောက်ကြကုန်၏။ ထိုရူပါရုံ, စက္ခုပသာဒတည်းဟူသော
စက္ခုအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်အစဉ်
တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ရူပါရုံ
ကို မြင်သောနေ့ကစ၍အစဉ်မပြတ် အလွန်မနှစ်သက်အပ် စက်ဆုပ်
အပ်သော သဘောရှိသော ရူပါရုံတို့ကို မြင်တိုင်း, မြင်တိုင်း
မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ အစဉ်
သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏတို့၏ အနှိပ်စက်ကို ခံပြီးလျှင်
ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌
ရှေးဦးစွာဖြစ်သော "ဒုက္ခဝေဒနာ" သည် ရှေးဦးစွာ ဇရာ,မရဏ၏
အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်
ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ
သည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍
ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော
မသာမယာဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း
၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်လေ၏။

ဤသို့လျှင် ၎င်းဒုက္ခဝေဒနာတို့သည် တခုပြီး,တခုစီသာလျှင်
ဆက်ခါ,ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံပြီး
လျှင် ချုပ်ကွယ်ကြလေ၏။ ထိုဒုက္ခဝေဒနာတို့သည် နှစ်ခုပြိုင်၍

ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြံလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ ရူပါရုံကို မြင်ခဲ့သော နေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော သဘောရှိသော ရူပါရုံကို မြင်တိုင်း, မြင်တိုင်း၌ ရှေးဦးစွာ ဒုက္ခဝေဒနာအစဉ်တို့သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြဲလေကုန်၏။ ထိုရူပါရုံနှင့် စက္ခုအကြည်တို့လည်း ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ကွယ်ကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် အလွန် မသာမယာ ဆင်းရဲစွာ ခံစားအပ် သော သဘော ရှိသော ရူပါရုံကို မြင်ပြန်သောအခါ ရှေးနည်းတူ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ တို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ကြလေကုန်၏။ ထိုရူပါရုံနှင့် ရူပါရုံ၏ ထိခိုက်ရာဖြစ်သော စက္ခုပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြဲလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ မြင်ခဲ့သော နေ့ကစ၍ စုတိကျခါနီးသည့်တိုင်အောင် အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်ကုန်သော ရူပါရုံတို့ကို မြင်တိုင်း, မြင်တိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ ဇောစိတ်အစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထို ကွယ်ပျောက်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ်ငါလည်း မဟုတ်, ငါ၏ဥစ္စာလည်းမဟုတ်, အစိုးပိုင်သော တရားလည်း

မဟုတ်၊ စင်စစ်ငါမဟုတ်သော ဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ,ရက်ရှိသမျှ,ဖြစ်ပေါ်သင့်သောအကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သောအခါ၌သာလျှင် ၎င်းရုပ်ရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော ဒုက္ခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏ ပရိညာဉ် ဖြင့် ပိုင်းဖြတ်၍ သိမြင်ခလေတော့၏။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော အဆင်းဟုဆိုအပ်သော ရုပ်ရုံကို မြင်တိုင်း, မြင်တိုင်း ဝိဉ္ဉာဏ်စိတ်သည် အလွန်မနှစ်သက်စရာ စက်ဆုပ်စရာ ရှိပေစွဘကားဟု မှတ်သားခြင်းကို ပြုလေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာ ဇောစိတ်နှစ်ဘက္ခ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး ၍ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်ခက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော ဒုက္ခဝေဒနာ တို့သည် စင်စစ် သူလည်းမဟုတ်, သူ၏ ဥစ္စာလည်း မဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊စင်စစ် ထိုဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာမပြတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သောအခါ၌သာ ၎င်းဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေ

တော့သည်ဟု လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာ ဖြစ် စဉ်လည်း ဉာဏ် အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော(၇)-ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ် ပေါ် ခြင်း ကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက် ပေ ၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း၊ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါဟူ၍ရင်း၊ အလျှင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌ရင်း၊ သူတပါးခန္ဓာအစဉ်၌ရင်း၊ ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်၊ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ့်ကြောင့်

ရောက်လေသနည်းဟူမူ ၎င်းဝေဒနာတို့သည် ငါ, သူ, သတ္တဝါ စသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအား လျော်စွာဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်း ကြောင့်ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရား တို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ် ကိုတီရဏပရိညာဉ်တည်းဟူသောသမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသော ကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ် ငြီးငွေ့လေလေ ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက်တဘန် ရူပါရုံကို အကြောင်းခံ၍ဖြစ်သော ဒုက္ခ ဝေဒနာကိုရှုသလို သဒ္ဒါရုံကို အကြောင်းခံ၍ဖြစ်သော ဒုက္ခ ဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ အကြင် အခါ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော သဒ္ဒါရုံကို ကြားခဲ့အံ့ ထိုအခါ ဝုဋ္ဌောစိတ်သည် အလွန် မနှစ်သက်စရာ စက်ဆုပ်စရာကောင်းစွ တကားဟု မှတ်သားခြင်းကို ပြုလေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာနှင့်ယှဉ်သော ဇောစိတ် အစဉ်သည် ဖြစ်၏။ ထိုဇော စိတ်အစဉ်၌ ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စင် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာ လောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်

စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက်စီးဘဲနေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင်၊ စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာ၌ အစိုးပိုင်သူ့ အလိုလိုက်စေတတ်သောသူသည်လည်း စင်စစ်မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော ဒုက္ခဝေဒနာသည် မိမိမှီရာစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ့မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ထိုသို့ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ဇရာ့ မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်းဒုက္ခဝေဒနာကို ချမ်းသာလေသလော့ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ထိုပြဆိုအပ်ပြီးသော ဒုက္ခဝေဒနာ၏"အနတ္တအချက်၊ အနိစ္စအချက်၊ ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူ တကွ တပေါင်းဖြစ်ပါကြကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာ

အင်္ဋ္ဌဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုဝိပဿနာ အင်္ဋ္ဌဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော အသံတည်းဟူသော သဒ္ဒါရုံ, ထိုသဒ္ဒါရုံ၏ ထိခိုက်ရာဖြစ်သော သောတအကြည်ဟု ဆိုအပ်သော သောတ ပသာဒ ရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုသဒ္ဒါရုံ, သောတပသာဒ တည်းဟူသော သောတ အကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။ ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလသဒ္ဒါရုံကို ကြားခဲ့သောနေ့ကစ၍ အစဉ်မပြတ် အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သောသဘောရှိသော သဒ္ဒါရုံတို့ကို ကြားတိုင်း, ကြားတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာအစဉ်တို့သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။

ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော ဒုက္ခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက် တဘန် ဆက်သွယ်၍ ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,

မရဏာ၏ အနိုပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်း ဒုက္ခဝေဒနာနှင့် ယှဉ်သော ဇောစိတ်တို့သည် တခုပြီး, တခုစီသာ ဆက်ခါ ဆက်ခါ ဖြစ်၍, ဖြစ်၍ ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။

ထိုဒုက္ခဝေဒနာစိတ်တို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ သဒ္ဒါရုံကို ကြားခဲ့သော နေ့က စ၍ စုတိစိတ်ကျခါနီးသည့်တိုင်အောင် ရှေးဦးစွာ အလွန် မနှစ်သက် စက်ဆုပ်အပ်သော သဘောရှိသော သဒ္ဒါရုံကို ကြားတိုင်း, ကြားတိုင်း၌ ရှေးဦးစွာ ဒုက္ခဝေဒနာ အစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံ၍ ပျက်ကြလေကုန်၏။ ထိုသဒ္ဒါရုံနှင့် သောတ ပသာဒတို့သည်လည်း ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံ၍ ကွယ်ကြလေကုန်သည် သာ ဘည်း။ ထိုနောက်တဘန် အလွန် မသာမယာ ဆင်းရဲစွာ ခံစားအပ်သော သဘောရှိသော သဒ္ဒါရုံကို ကြားပြန်သောအခါ၌ လည်း ရှေးနည်းအတူ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာနှင့် ယှဉ်သောဇောစိတ်အစဉ်တို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ကွယ်ကြလေကုန်၏။ ထိုသဒ္ဒါရုံနှင့် သဒ္ဒါရုံ၏ ထိခိုက်ရာဖြစ်သော သောတ ပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ ကြားခဲ့သော နေ့က စ၍ စုတိကျခါနီးသည့်တိုင်အောင် အလွန် မနှစ်သက် စက်ဆုပ်အပ်ကုန်သော သဒ္ဒါရုံတို့ကို ကြားတိုင်း, ကြားတိုင်း မသာမယာ ဆင်းရဲ

စွာ ခံစားတတ်သော ဒုက္ခဝေဒနာဇောစိတ်အစဉ်သည် ဖြစ်သင့်သော အကြောင်းလျော်စွာ မပြတ်ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ် ငါ့ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ် စင်စစ် ငါမဟုတ်သော ဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက်ကြကုန်ပြီး၍ စုတိစိတ် ကျရောက်သောအခါ၌သာလျှင် ၎င်းသဒ္ဒါရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်ခဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ် သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာအစဉ်၌ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကို သိပြီးနောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ-သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော အသံဟု ဆိုအပ်သော သဒ္ဒါရုံကို ကြားတိုင်း ကြားတိုင်း ဝုဋ္ဌောစိတ်သည် အလွန် မနှစ်သက်စရာ ရှိပေစွတကားဟု မှတ်သားခြင်းကို ပြုလေ၏။ ထိုသို့ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာ ဇောစိတ်နှင့် တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ,မရဏာ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထို ကွယ် ပျောက် ကြ ရ ကုန် သော ဒုက္ခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်း

မဟုတ်, သူ၏ အစိုးပိုင်သော တရားလည်းမဟုတ်၊ စင်စစ် ထို ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ၌သာ ၎င်းဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင် စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍၎င်း၊ သူဟူ၍၎င်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍၎င်း၊ အလျှင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌၎င်း၊ သူတပါးခန္ဓာအစဉ်၌၎င်း၊ ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော

နေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ် ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ ၎င်းဝေဒနာတို့သည် ငါ, သူ, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဇရာ, မရဏာ၏ အနှိပ်စက်ကိုခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်,ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက်တဘန် သဒ္ဒါရုံကို အကြောင်းခံ၍ဖြစ်သော ဒုက္ခဝေဒနာကို ရှုသလို ဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ အကြင်အခါ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော ဂန္ဓာရုံကို နမ်းခဲ့အံ့။ ထိုအခါ ဝုဋ္ဌောစိတ်သည် အလွန် မနှစ်သက်စရာ စက်ဆုပ်စရာကောင်းစွတကားဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာခံစားတတ်သော ဒုက္ခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခ

ဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာမဟုတ်သည်၏အဖြစ်ကိုငှင်း၊ ငါ၏ ဥစ္စာမဟုတ်လျှင် ငှင်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိ တိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်၊ ထိုသို့မြင်လျှင် ငှင်းဒုက္ခဝေဒနာ၌ အစိုးပိုင်သူ, အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုငှင်း မြင်ကြလိမ့်မည်။ ထိုသို့မြင်သောအခါ "အနတ္တအချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော ဒုက္ခဝေဒနာသည် မိမိ မှီရာ စိတ်နှင့်တကွ ထိုဖြစ်သော နေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ခလတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရသော ငှင်းဒုက္ခဝေဒနာကို ချမ်းသာလေ သလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေ လျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ ၏။ ထိုသို့ မြင်လျှင် ငှင်းဒုက္ခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။

ထိုပြဆိုအပ်ပြီးသော ဒုက္ခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိ မဂ္ဂင်မည်၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း,

ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သောမဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အင်္ဂဝိကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ဝိပဿနာအင်္ဂဝိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ်ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော အနံ့တည်းဟူသော ဂန္ဓာရုံ, ထိုဂန္ဓာရုံ၏ ထိခိုက်ရာဖြစ်သော ဃာနအကြည်ဟု ဆိုအပ်သော ဃာနပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ထိုဂန္ဓာရုံ ဃာနပသာဒတည်းဟူသော ဃာနအကြည်တို့ကအကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ဂန္ဓာရုံကို နမ်းခဲ့သောနေ့ကစ၍ အစဉ်မပြတ် အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော အနံ့သဘောရှိသော ဂန္ဓာရုံတို့ကို နမ်းတိုင်း, နမ်းတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ အစဉ်သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော ဒုက္ခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော မသာမယာ ဆင်းရဲစွာခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်လေ၏။

၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံ၍ ချုပ်ကွယ်လေ၏။

ဤသို့လျှင် ၎င်းဒုက္ခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ, ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။ ထိုဒုက္ခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ ဂန္ဓာရုံကို နမ်းခဲ့သော နေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော သဘောရှိသော ဂန္ဓာရုံကို နမ်းတိုင်း, နမ်းတိုင်း ရှေးဦးစွာ ဒုက္ခဝေဒနာအစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံ၍ ပျက်ကြလေကုန်၏။ ထိုဂန္ဓာရုံနှင့် ဃာနအကြည်တို့လည်း ဇရာ, မရဏ၏ အနှိပ်စက်ကို ခံ၍ ကွယ်ကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် အလွန် မသာမယာ ဆင်းရဲစွာ ခံစားအပ်သော သဘောရှိသော ဂန္ဓာရုံကို နမ်းပြန်သောအခါ၌လည်း ရှေးနည်းအတူ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာအစဉ်တို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ကြလေကုန်၏။ထိုဂန္ဓာရုံ၏ ထိခိုက်ရာဖြစ်သော ဃာနပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ နမ်းခဲ့သော နေ့ကစ၍ စုတိအခါနီးသည့်တိုင်အောင် အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်ကုန်သော ဂန္ဓာရုံတို့ကို နမ်းတိုင်း, နမ်းတိုင်း မသာမယာ ဆင်းရဲစွာ

ခံစားတတ်သော ဒုက္ခဝေဒနာ ဇောစိတ်အစဉ်တို့သည် ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြလေကုန်၏။ ထိုကွယ်ပျောက်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်, ငါ့ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော ဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်း အားလျော်စွာ မပြတ်မလတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သောအခါ၌သာလျှင် ၎င်းဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော ဒုက္ခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘက်၌ သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော အနံ့ဟု ဆိုအပ်သော ဂန္ဓာရုံကို နမ်းတိုင်း, နမ်းတိုင်း ဝုဋ္ဌောစိတ်သည် အလွန်မနှစ်သက်စရာ စက်ဆုပ်စရာ ရှိပေစွတကားဟု မှတ်သားခြင်းကို ပြုလေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။

ထိုကွယ်ပျောက်ကြရကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် သူလည်းမဟုတ်၊ သူ၏ ဥစ္စာလည်း မဟုတ်၊ သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထိုဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သောအခါ၌သာ ၎င်းဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်လေတော့၏။ ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင်စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာ အင်္ဂါကိုကမင်္ဂကို ပွားများရာ ရောက်၏။ ထိုသို့ ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ စသော တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အင်္ဂါကိုကမင်္ဂကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရင်း အလျင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌ရင်း၊ သူတပါးခန္ဓာ

အစဉ်၌ရှင်း ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏာ၏အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းဒုက္ခဝေဒနာတို့သည်ငါ, သူ့, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန် ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟုသမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက် တဘန် ဂန္ဓာရုံကို အကြောင်းခံ၍ ဒုက္ခဝေဒနာကို ရှုသလို၊ ရသာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ၊ အကြင်အခါ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော ရသာရုံကို လျက်ခဲ့အံ့။ ထိုအခါ ဝိညာဉ်စိတ်သည် အလွန် မနှစ်သက်စရာ စက်ဆုပ်စရာကောင်းစွ တကားဟု မှတ်သားခြင်းကို ပြုလေ၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခ-

ဝေဒနာနှင့်ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇော စိတ်အစဉ်၌ ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာကို ငါဟုတ်၊ မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုငင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလော ဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာ မဟုတ် သည်၏ အဖြစ် ကို ၎င်း၊ ငါ ၏ ဥစ္စာမဟုတ်လျှင် ၎င်း ဝေဒနာ တို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက် မစီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ၏။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင်၊ စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့် မည်။ ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာ၌ အစိုးပိုင်သူ၊ အလိုလိုက် စေတတ်သော သူသည်လည်း စင်စစ်မရှိသည်၏ အဖြစ်ကို၎င်း မြင်ကြလိမ့်မည်။ ထိုသို့မြင်သောအခါ "အနတ္တအချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော ဒုက္ခဝေနာသည် မိမိ မှီရာစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက် သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ၊ မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်းဒုက္ခဝေဒနာကို ချမ်းသာလေသလော၊ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့မြင်လျှင် ၎င်းဒုက္ခ ဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုသို့ ပြဆိုအပ်ပြီးသော ဒုက္ခ

ဝေဒနာ၏။ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ကို ပိုင်းဖြတ်၍သိမြင်သော တီရဏ ပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိ မဂ္ဂင် မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူ တကွတပေါင်းတည်းဖြစ်ပါကြကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့်ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော အရသာတည်းဟူသော ရသာရုံ, ထိုရသာရုံ၏ ထိခိုက်ရာ ဖြစ်သော လျှာအကြည်ဟု ဆိုအပ်သော ဇိဝှာပသာဒ ရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုရသာရုံ, ဇိဝှာပသာဒ တည်းဟူသော လျှာအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ရသာရုံကို လျက်ခဲ့သော နေ့ကစ၍ အစဉ်မပြတ် အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော အရသာသဘော ရသာရုံတို့ကို လျက်တိုင်း, လျက်တိုင်း, မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ အစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌

ရှေးဦးစွာ ဖြစ်သော ဒုက္ခဝေဒနာသည် ရှေးဦးစွာ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍တဘန် ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ဖြစ်သော မသာမယာ ဆင်းရဲစွာခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံ၍ ချုပ်ကွယ်၏။

ဤသို့လျှင် ၎င်းဒုက္ခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ, ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံပြီးလျှင် ချုပ်ကွယ်ကြလေ၏။ ထိုဒုက္ခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ ရသာရုံကို လျက်ခဲ့သောနေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော သဘောရှိသော ရသာရုံကို လျက်တိုင်း, လျက်တိုင်း၌ ရှေးဦးစွာ ဒုက္ခ ဝေဒနာ အစဉ်တို့သည် ဖြစ်၍,ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်စီးကြလေကုန်၏။ ထိုရသာရုံနှင့် လျှာအကြည်တို့လည်း ဇရာ, မရဏ၏ အနှိပ်စက်ကို ခံ၍ ကွယ်ကြလေကုန်သည် သာတည်း။ ထိုနောက်တဘန် အလွန်မသာမယာ ဆင်းရဲစွာ ခံစားအပ်သော သဘောရှိသော ရသာရုံကို လျက် ပြန်သော အခါ၌လည်း ရှေးနည်းအတူ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ အစဉ်တို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်ကြလေကုန်၏။ ထိုရသာရုံနှင့် ရသာရုံ၏ ထိခိုက်ရာ ဖြစ်သော

ဇိဝှါပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ လျက်ခဲ့သော နေ့က စ၍ စုတိအခါနီးသည့်တိုင်အောင် အလွန်မနှစ်သက် စက်ဆုပ်အပ်ကုန်သော ရသာရုံတို့ကို လျက်တိုင်း, လျက်တိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ ဇောစိတ်အစဉ်တို့သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော ဒုက္ခဝေဒနာတို့သည် ငါလည်း မဟုတ်, ငါ့ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ ငါမဟုတ်သော ဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ်ဖြစ်, ပျက်ကြကုန်ပြီးလျှင် စုတိစိတ်ကျရောက်သော အခါ၌သာလျှင် ၎င်းရသာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော ဒုက္ခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟု ခေါ်ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန်မနှစ်သက် စက်ဆုပ်အပ်သော ရသာရုံဟု ဆိုအပ်သော ရသာရုံကို လျက်တိုင်း, လျက်တိုင်း ဝုဋ္ဌော စိတ်သည် အလွန်မနှစ်သက်စရာ စက်ဆုပ်စရာ ရှိလေစွတကားဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာ ဇော

စိတ်နှင့်တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။

ထိုကွယ်ပျောက်ကြရကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် သူလည်းမဟုတ်, သူ၏ ဥစ္စာလည်းမဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထိုဒုက္ခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သောအခါ၌သာ ၎င်းဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာဖြစ်စဉ်လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။ ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပမဂ္ဂင်စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်းဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအင်္ဂါကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာအင်္ဂါကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ စသော တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအင်္ဂါကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါး ခန္ဓာ

အစဉ်၌ ငါဟူ၍၎င်း၊ သူဟူ၍၎င်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဟူ၍၎င်း အလျင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌၎င်း၊ သူတပါးခန္ဓာအစဉ်၌၎င်း ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းဒုက္ခဝေဒနာတို့သည် ငါ, သူ, သတ္တဝါ စသော အတ္တ မဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခဘရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသော ကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက်တဘန် ရသာရုံကို အကြောင်းခံ၍ဖြစ်သော ဒုက္ခဝေဒနာကို ရှုသလို ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ အလွန်မနှစ်သက်အပ် စက်ဆုပ်အပ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သည် ဖြစ်အံ့။ ထိုအခါ ဝုဋ္ဌောစိတ်သည် အလွန်မနှစ်သက်

စရာ စက်ဆုပ်စရာအတွေ့ပါတကားဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာနှင့် ယှဉ်သောဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇော စိတ် အစဉ်၌ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာကို ငါဟုတ်, မဟုတ်စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ မဟုတ်သည်၏အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာ မဟုတ်သည်၏အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလို ရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲနေ၏လောဟု ဆင်ခြင် ကြည့်ကြလေ။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲမနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းဒုက္ခ ဝေဒနာ၌ အစိုးပိုင်သူ, အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင် သည် မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော ဒုက္ခဝေဒနာသည် မိမိ မှီရာစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်ရလေတော့၏။ထိုသို့ကွယ်ပျောက် သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင်၊ "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်းဒုက္ခဝေဒနာကို ချမ်းသာလေသလော၊ ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့မြင်လျှင်

၎င်းဒုက္ခ ဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထို ပြဆို အပ်ပြီးသော ဒုက္ခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ထို သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူ တကွ တပေါင်းတည်း ဖြစ်ပါကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော ဖောဋ္ဌဗ္ဗတည်းဟူသော ဖောဋ္ဌဗ္ဗာရုံ, ထိုဖောဋ္ဌဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယအကြည်ဟု ဆိုအပ်သော ကာယပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ထိုဖောဋ္ဌဗ္ဗာရုံ, ကာယပသာဒတည်းဟူသော ကာယအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ငယ်စဉ်ကာလ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သောနေ့ကစ၍ အစဉ်မပြတ် အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော အတွေ့သဘောရှိသော ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း, တွေ့ထိတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော

ဒုက္ခဝေဒနာအစဉ်သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏာတို့၏ အနှိပ်စက်တို ခံပြီးလျှင် ချုပ်ကွယ် ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ် ပျောက်ရာ၌ ရှေးဦးစွာ ဖြစ်သော ဒုက္ခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်း နောက် ဆက် ၍ တ ဘန် ဖြစ် သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော မ သာ မ ယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ဤသို့လျှင် ၎င်းဝေဒနာတို့သည်တခုပြီး,တခုစီသာလျှင်ဆက်ခါ,ဆက်ခါဖြစ်၍,ဖြစ်၍ ဇရာ,မရဏာ၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။

ထိုဒုက္ခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကိုသိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သော နေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတိုင်း,တွေ့ထိတိုင်း၌ ရှေးဦးစွာ ဒုက္ခဝေဒနာအစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ပျက်စီးကြလေကုန်၏။ ထိုဖောဋ္ဌဗ္ဗာရုံနှင့် ကာယအကြည်တို့လည်း ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံ၍ ပျက်စီးကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် အလွန် မသာမယာ ဆင်းရဲစွာ ခံစားအပ်သော သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိပြန်သောအခါ၌လည်း ရှေးနည်းအတူ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော

ဒုက္ခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ကြလေကုန်၏။ ထိုဖောဋ္ဌဗ္ဗာရုံနှင့် ဖောဋ္ဌဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ယယ်စဉ်ကာလ တွေ့ထိခဲ့သော နေ့ကစ၍ စုတိအခါနီးသည့်တိုင်အောင် အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း, တွေ့ထိတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာ ဇောစိတ်အစဉ်တို့သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်, ငါ့ဥစ္စာလည်း မဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော ဒုက္ခဝေဒနာတို့ သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီး၍ စုတိစိတ်ကျရောက်သော အခါ၌သာလျှင် ၎င်းဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်နလတော့၏။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟုဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ သူ

တပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် မနှစ်သက်အပ် စက်ဆုပ်အပ်သော အတွေ့ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတိုင်း, တွေ့ထိတိုင်း ဝုဋ္ဌောစိတ်သည် အလွန် မနှစ်သက်စရာ စက်ဆုပ်စရာ ရှိလေစွတကားဟု မှတ်သားခြင်းကို ပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မိုရာဇောစိတ်နှင့် တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက် ခံရကုန်ပြီး၍ ကွယ်ပျောက်ကြရကုန်၏၊ ထိုကွယ်ပျောက်ကြရကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်း မဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထိုဒုက္ခဝေဒနာတို့သည်သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်, ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သော အခါ၌သာ ၎င်းဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။ ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တိရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာ အင်္ဂါဂိကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့

ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမသဝ, ဘဝါသဝ, စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော မိမိခန္ဓာ, သူတပါး ခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရင်း အလျင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာသည်သာလျှင် မိမိခန္ဓာအစဉ်ရင်း၊ သူတပါးခန္ဓာအစဉ်ရင်းဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းဒုက္ခဝေဒနာတို့သည် ငါ, သူ, သတ္တဝါ စသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်

သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာကို ရှုသလို၊ စက္ခုစသော ဓမ္မာရုံကို အကြောင်းခံ၍ ဖြစ်သော ဒုက္ခဝေဒနာကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ အလွန် မနှစ်သက်ဘွယ်ရှိသော ဓမ္မာရုံတပါးပါးကို အာရုံပြု၍ အလွန် မနှစ်သက်စရာ စက်ဆုပ်စရာဟု ကြံစည်အောက်မေ့မိတိုင်း၊ အောက်မေ့မိတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝီထိဟု ဆိုအပ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာကို ငါဟုတ်၊ မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် ငါ၏ ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကိုမပျက်မစီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်းမပျက်စီးဘဲမနေနိုင်စင်စစ်ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာ၌ အစိုးပိုင်သူ၊ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ်မရှိသည်၏အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တာချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်တဘန် လိုဖြစ်ပေါ်သော ဒုက္ခဝေနာသည် မိမိမှီရာ စိတ်နှင့် တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စအချက်"

ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရသော ဒုက္ခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်းဒုက္ခဝေဒနာ၏ "ဒုက္ခအချက်" ကို တီရဏပရိညာဉ် ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော ဒုက္ခ ဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း၊ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း,ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုဓမ္မာရုံ, ၎င်းဓမ္မာရုံကို အာရုံပြု ကုန်သော ဒုက္ခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝိထိ ဇောစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်ပြီးသော နည်းကို အစဉ်မှီး၍ ယခုစဉ်ကာလကစ၍ အလွန်မနှစ်သက်အပ်သော ဓမ္မာရုံတို့ကို အလွန်မနှစ်သက်စရာ၏ အဖြစ်ဖြင့် စိတ်ကူးမိတိုင်း,စိတ်ကူးမိတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိမှီရာ ဇောစိတ်နှင့်တကွ

အကြောင်းအားလျော်စွာ ဖြစ်ပေါ်ဖြစ်ပေါ်ကုန်၍ ဇရာ,မရဏ တို့၏ အနှိပ်စက်ကိုခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော ဒုက္ခဝေဒနာသည် ရှေးဦးစွာ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ဆက်၍ တဘန်ဖြစ်သော မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ဖြစ်သော မသာမယာ,ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက် ကိုခံရ၍ ချုပ်ကွယ်လေ၏။

ဤသို့လျှင် ၎င်းဒုက္ခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ,ဆက်ခါ ဖြစ်ပေါ်,ဖြစ်ပေါ်၍ ဇရာ,မရဏ၏ အနှိပ်စက် ကို ခံရပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။ ထိုဒုက္ခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလကစ၍ နေ့စဉ် ရှေးဦးစွာအလွန်မနှစ်သက်အပ်သော ဓမ္မာရုံကို စိတ်ကူးမိ၍ မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဇောစိတ်အစဉ်၌ ဖြစ်သော ဒုက္ခဝေဒနာ အစဉ်တို့သည်သာလျှင် ဖြစ်ပေါ်,ဖြစ်ပေါ်ကုန်၍ ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရကုန် ပြီးလျှင် ကွယ်ပျောက်ကြလေကုန်၏။ ထိုနောက် ဖြစ်သော ဇောစိတ်အစဉ်၌ပါရှိသော ဒုက္ခဝေဒနာတို့သည်လည်း ထိုနောက် ဇရာ,မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်ကြကုန်၏။ ဤသို့ လျှင် အလွန်မနှစ်သက်အပ်သော ဓမ္မာရုံကို အာရုံပြု၍ဖြစ်သော ဒုက္ခဝေဒနာတို့ ဖြစ်စဉ်သည် စုတိ ကျရောက်ခါနီးတိုင်အောင်

ဖြစ်,ပျက် ကြလေကုန်၏။ ထိုသို့ အစဉ်မပြတ် ဖြစ်,ပျက် နေကြကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် ငါလည်းမဟုတ်, ငါ၏ဥစ္စာလည်းမဟုတ်, အစိုးပိုင်သော တရားလည်းမဟုတ် စင်စစ် ငါ မဟုတ်သော ဒုက္ခဝေဒနာတို့သည်သာ နေ့ရှိသမျှ,ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက် ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သော အခါ၌သာလျှင် ပြတ်စဲလေကုန်တော့သည်ဟု တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ဖြစ်သော ဒုက္ခဝေဒနာ ဖြစ်စဉ်ကို မြင်ပြီးနောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ဖြစ်သော ဒုက္ခဝေဒနာဖြစ်စဉ်ကိုလည်း ကြည့်ရှုအပ်၏။ကြည့်ရှုပုံမှာ-သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း အလွန် မနှစ်သက်အပ်သော ဓမ္မာရုံတပါးပါးကို အလွန် မနှစ်သက်ဘွယ်ရှိ၏ဟူ၍ စိတ်ကူးကြံစည်မိတိုင်း, ကြံစည်မိတိုင်း မသာမယာ ဆင်းရဲစွာ ခံစားတတ်သော ဒုက္ခဝေဒနာတို့သည် မိမိ, မိမိတို့၏ မိုရာဇောစိတ်နှင့်တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ဇရာ,မရဏတို့၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုသို့ ကွယ်ပျောက်ကြရကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ဥစ္စာလည်း မဟုတ်, သူ၏ စိုးပိုင်သော တရားလည်း မဟုတ် စင်စစ် ထိုဒုက္ခဝေဒနာတို့သည် သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှစိတ်ကူးမိတိုင်း, စိတ်ကူး မိတိုင်း ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော

စုတိစိတ် ကျရောက်ခါနီးသောအခါ၌သာ ထိုဒုက္ခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ့,နတ်,ဗြဟ္မာ,သတ္တဝါ ဟု သမုတ်အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။ ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာ ဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။

ထို သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သမ္မာသက်ပွစသော မဂ္ဂင် (၇) ပါးတို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ် ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်ပေ၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါ သဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏အဖြစ်ကို ဆင်ခြင်ကြည့် ရှု၍ မြင်လေလေ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေ ဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ,သူတပါး ခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း လူ့,နတ်, ဗြဟ္မာ, သတ္တ ဝါဟူ၍ရင်း အလျှင်းမရှိကုန်ဘဲ ထိုဒုက္ခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်အစဉ်၌ရင်း၊ သူတပါးခန္ဓာ အစဉ်၌ရင်း၊ ဖြစ်သင့် သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ခံရပြီးလျှင် ချုပ်ကွယ် ပျောက်သွား ကုန်ကြ၏။ ထိုသို့ ချုပ်ကွယ်ပျောက် သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းဒုက္ခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းဒုက္ခဝေဒနာတို့သည် ငါ၊ သူ၊ သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန် ဖြစ်လေကုန်၏။ ထို ဒုက္ခဘာရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်၊ ပျက်နေကုန်သည်၏ အဖြစ်ကို တိရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ် ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေ သာ ဖြစ်ကုန်၏။

ဒုက္ခဝေဒနာကို အာရုံခြောက်ပါးဖြင့် ရှုသလို အဒုက္ခ၊ မသုခဝေဒနာကိုလည်း ရှုအပ်၏။ ရှုပုံမှာ အကြင်အခါ နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော ရူပါရုံကို မြင်ခဲ့အံ့။ ထိုအခါ ဝိဉ္ဉာဏ်စိတ်သည် နှစ်သက်စရာလည်း မဟုတ် မနှစ်သက်စရာလည်း မဟုတ်ဟု မှတ်သားခြင်းကို ပြု၏။ ထိုသို့ ပြုတိုင်း၊ ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ၊ မ သုခဝေဒနာနှင့် ယှဉ်သော ဇောစိတ် အစဉ်သည် ဖြစ်၏။ ထို ဇောစိတ်အစဉ်၌ပါသော ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ် အလတ် ခံစားတတ်သော

အဒုက္ခ, မသုခ ဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ ဥစ္စာ မဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ နေ၏လောဟု ဆင်ခြင် ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင်၊ စင်စစ် ပျက်စီး မည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းအဒုက္ခ, မ သုခဝေဒနာ၌ အစိုးပိုင်သော သူ, အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်" ကို တီရဏ ပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော အဒုက္ခ, မ သုခဝေဒနာသည် မိမိမှီရာ စိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်လေသည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်း အဒုက္ခ, မ သုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့ သိမြင်လျှင် ၎င်း အဒုက္ခ, မသုခဝေဒနာ၏ "ဒုက္ခအချက်" ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။ ထို ပြဆိုအပ်ပြီးသော အဒုက္ခ, မ သုခ

ဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ထို သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထို သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ်ဖြစ်ပေါ်မှု မရှိကုန်ဘဲ ကင်းပျောက် ကြလေကုန်၏။ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အဆင်းတည်း ဟူသော ရူပါရုံ, ထိုရူပါရုံ၏ ထိခိုက်ရာ ဖြစ်သော စက္ခုအကြည် ဟု ဆိုအပ်သော စက္ခုပသာဒရုပ်တို့သည်လည်း ကွယ်ပျောက် ကြကုန်၏။ ထိုရူပါရုံ,စက္ခုပသာဒတည်းဟူသော စက္ခုအကြည် တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ်တို့သည် လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ရူပါ ရုံကို မြင်ခဲ့သော နေ့ကစ၍ အစဉ်မပြတ် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အဆင်းသဘော ရှိသော ရူပါရုံတို့ကို မြင်တိုင်း, မြင်တိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ်

ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာအစဉ်သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ် ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦး စွာဖြစ်သော အဒုက္ခ, မ သုခဝေဒနာသည်လည်း ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော ချမ်းသာသည်လည်း မဟုတ်, ဆင်းရဲသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ,မ သုခ ဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက် ကိုခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်း အဒုက္ခ, မ သုခ ဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ, ဆက်ခါ ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရပြီးလျှင် ချုပ် ကွယ်ကြလေ၏။

ထို အဒုက္ခ, မ သုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိ ကုန်။ ထိုသို့ ဖြစ်ရိုး မရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာရူပါရုံကိုမြင်ခဲ့သော နေ့ကစ၍ စုတိစိတ် ကျခါနီးတိုင် အောင် ရှေးဦးစွာ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာ လည်း မဟုတ်သော အဆင်းတည်းဟူသော ရူပါရုံကို မြင်ကိုင်း, မြင်တိုင်း၌ ရှေးဦးစွာ အဒုက္ခ, မ သုခ ဝေဒနာအစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြလေ ကုန်၏။ ထိုရူပါရုံနှင့် စက္ခု အကြည်တို့လည်း ဇရာ, မရဏ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြ လေကုန်သည်သာတည်း။ ထိုနောက် တဘန် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ် သော သဘောရှိသော ရူပါရုံကို မြင်ပြန်သောအခါ၌လည်း

ရှေးနည်းအတူ ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခ ဝေဒနာတို့သည်လည်း ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ကွယ်ကြလေကုန်၏။ ထိုရူပါရုံနှင့် ရူပါရုံ၏ ထိခိုက်ရာဖြစ်သော စက္ခုပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ကွယ် ပျောက်ကြ လေ ကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ မြင်ခဲ့သော နေ့ကစ၍ စုတိအခါ နီးသည့်တိုင်အောင် နှစ်သက်စရာလည်းမဟုတ်မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ရူပါရုံကို မြင်တိုင်း, မြင်တိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ မ,သုခဝေဒနာဇောစိတ် အစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ,မရဏာ၏ အနိုပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြကုန်၏။ ထိုကွယ်ပျောက်ကုန်သော အဒုက္ခ,မ သုခဝေဒနာတို့သည်စင်စစ် ငါလည်းမဟုတ် ငါ့ဥစ္စာလည်းမဟုတ်, အစိုးပိုင်သော တရားလည်း မဟုတ် စင်စစ် ငါမဟုတ်သော အဒုက္ခ,မ သုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်း အားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက် ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သောအခါ၌ သာလျှင် ၎င်းရူပါရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော အဒုက္ခ,မ သုခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခ မသုခဝေဒနာကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော အဒုက္ခ မသုခဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ-သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ရူပါရုံကို မြင်တိုင်း မြင်တိုင်း ဝုပ္ပေါစိတ်သည် နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက် စရာလည်း မဟုတ်ဟု မှတ်သားခြင်းကို ပြုပေ၏။ ထိုသို့ပြုတိုင်း ပြုတိုင်း ဆင်းရဲသည် လည်းမဟုတ် ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမ သုခဝေဒနာတို့သည် မိမိ မိမိတို့၏ မှီရာဇောစိတ်နှင့်တကွ ဖြစ်ပေါ် ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ဇရာ မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရ ကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော အဒုက္ခမ သုခဝေဒနာ တို့သည် စင်စစ် သူလည်းမဟုတ်၊ သူ၏ ဥစ္စာလည်းမဟုတ်၊ သူ၏ အစိုးပိုင်သော တရားလည်း မဟုတ် စင်စစ် ထိုအဒုက္ခ မသုခ ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ် ပျက် ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ ၌သာ ၎င်းအဒုက္ခ မ သုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေ တော့သည်ဟု လူ နတ် ဗြဟ္မာ သတ္တဝါဟု သမုတ်အပ်သော သူ တပါးခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် ဗဟိရဏ ပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။

ထို သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပစသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအင်္ဂဝိကမဂ်ကို ပွားများရာရောက်ပေ၏။ထိုသို့ဝိပဿနာ အင်္ဂဝိကမဂ်ကို ပွားများတိုင်း ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝစသော အာသဝေါ တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အင်္ဂဝိကမဂ်ကို ပွားများလေလေသာဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရှင်း၊ သူဟူ၍ရှင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရှင်း၊ အလျှင်း မရှိကုန်ဘဲ ထို အဒုက္ခမ သုခဝေဒနာတို့သည် သာလျှင် မိမိခန္ဓာ အစဉ်၌ရှင်း၊သူတပါးခန္ဓာအစဉ်၌ရှင်း ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော ခနရာဌ်ပင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွား ကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်း အဒုက္ခမ သုခဝေဒနာတို့ကို စင်စစ် အလို မရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ် ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်း အဒုက္ခမ သုခဝေဒနာ တို့သည် ငါ, သူ, သတ္တဝါ စသော အတ္တ မဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲ ဒုက္ခတရားသာ အမှန်ဖြစ်ပေကုန်၏။ ထို ဒုက္ခတရားတို့သည်သာလျှင် အဘန်

ဘာလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းလေ လေသည်သာ ဖြစ်ကုန်၏။

ထိုနောက်တဘန် ရူပါရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခ, မ သုခဝေဒနာကို ရှုသလို၊ သဒ္ဒါရုံကို အကြောင်းခံ၍ဖြစ်သော အဒုက္ခ, မ သုခဝေဒနာ ဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ–အကြင်အခါ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော သဒ္ဒါရုံကို ကြားခဲ့အံ့။ ထိုအခါ ဝိညာဉ်စိတ်သည် နှစ်သက်စရာလည်းမဟုတ်, မနှစ်သက်စရာလည်း မဟုတ်ဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါသော ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်သည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ ဥစ္စာ မဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။

ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းအဒုက္ခ, မ သုခဝေဒနာ၌ အစိုးပိုင်သောသူ, အလိုလိုက်စေတတ်သောသူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ၌ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်တဘန် ထို ဖြစ်ပေါ်သော အဒုက္ခ, မ သုခဝေဒနာသည် မိမိမှီရာ စိတ်နှင့်တကွ ထို ဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်း အဒုက္ခ,မ သုခဝေဒနာသည် ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှု ဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့မြင်လျှင် ၎င်းအဒုက္ခ,မ သုခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထို ပြဆိုအပ်ပြီးသော အဒုက္ခ,မ သုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ

တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အင်္ဂါကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ဝိပဿနာ အင်္ဂါကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဥ်၌ ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အသံတည်း ဟူသော သဒ္ဒါရုံ, ထိုသဒ္ဒါရုံ၏ ထိခိုက်ရာဖြစ်သော သောတအကြည်ဟု ဆိုအပ်သော သောတပသာဒ ရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုသဒ္ဒါရုံ, သောတပသာဒ တည်းဟူသော သောတအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝီထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလသဒ္ဒါရုံကို ကြားခဲ့သော နေ့ကစ၍ အစဉ်မပြတ် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော သဒ္ဒါရုံကို ကြားတိုင်း,ကြားတိုင်း ဆင်းရဲသည်လည်းမဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာအစဉ်သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏတို့၏ အနှိပ်စက်ကို ခံပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာ ဖြစ်သော အဒုက္ခမ သုခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ဆက်၍ တဘန်ဖြစ်သော ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်

သော အဒုက္ခ,မ သုခဝေဒနာလည်း ၎င်းနေရာ၌ပင် ဇရာ,မရဏာ၏ အနိုပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းအဒုက္ခ,မ သုခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ,ဆက်ခါ ဖြစ်၍,ဖြစ်၍ ဇရာ,မရဏာ၏ အနိုပ်စက်ကိုခံရပြီးလျှင် ချုပ်ကွယ်ကြ လေကုန်၏။

ထိုအဒုက္ခ, မ သုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုး မရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ သဒ္ဒါရုံကို ကြားခဲ့သောနေ့ကစ၍ စုတိစိတ် ကျခါနီး တိုင်အောင် ရှေးဦးစွာ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက် စရာလည်း မဟုတ်သော အသံ တည်းဟူသော သဒ္ဒါရုံကို ကြားတိုင်း, ကြားတိုင်း၌ ရှေးဦးစွာ အဒုက္ခ,မ သုခဝေဒနာ အစဉ်တို့သည် ဖြစ်၍,ဖြစ်၍ ဇရာ,မရဏာ၏ အနိုပ်စက်ကို ခံရ၍ ပျက်ကြလေကုန်၏။ ထိုသဒ္ဒါရုံနှင့် သောတ အကြည်တို့လည်း ဇရာ,မရဏာ၏ အနိုပ်စက်ကိုခံရ၍ပျက်ကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် နှစ်သက်စရာလည်းမဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော သဒ္ဒါရုံကို ကြားပြန်သောအခါ၌ လည်း ရှေးနည်းအတူ ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာ သည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ,မ သုခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကိုခံရ၍ ချုပ်ကွယ်ကြလေကုန်၏။ ထိုသဒ္ဒါရုံနှင့် သဒ္ဒါရုံ၏ ထိခိုက်ရာဖြစ်သော သောတ ပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ,မရဏာ၏ အနိုပ်စက်ကို ခံရ၍ ကွယ်ပျောက် ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ ကြားခဲ့သော နေ့ကစ၍ စုတိခါနီး သည့်တိုင်အောင် နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော သဒ္ဒါရုံ တို့ကို ကြားတိုင်း၊ ကြားတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခ ဝေဒနာ ဇောစိတ်အစဉ်သည် ဖြစ်သင့်သော အကြောင်းအား လျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန် သော အဒုက္ခမသုခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ အစိုးပိုင်သော တရားလည်းမဟုတ် စင်စစ် ငါ မဟုတ်သော အဒုက္ခမသုခဝေဒနာတို့သည်သာလျှင် နေ့ရှိ သမျှ၊ ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော် စွာ မပြတ် ဖြစ်ပျက်ကြကုန်ပြီး၍ စုတိစိတ် ကျရောက်သော အခါ၌သာလျှင် ၎င်းသဒ္ဒါရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော အဒုက္ခမသုခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့ သည်ဟု တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ် သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခမသုခဝေဒနာတို့ကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာ အစဉ်၌ ဖြစ်သော အဒုက္ခမသုခဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ–သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ လည်း နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ် သော သဘောရှိသော သဒ္ဒါရုံကို ကြားတိုင်း၊ ကြားတိုင်း၌ ဝုဋ္ဌောစိတ်သည် နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း

မဟုတ်ဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ပြုတိုင်း,ပြုတိုင်း ဆင်းရဲသည်လည်းမဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ်ခံစားတတ်သော အဒုက္ခ,မ သုခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာဇောစိတ်နှင့်တကွ ဖြစ်ပေါ်,ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော အဒုက္ခ,မသုခဝေဒနာတို့သည် စင်စစ် သူလည်းမဟုတ် သူ၏ဥစ္စာလည်းမဟုတ်, သူ၏ အစိုးပိုင်သော တရားလည်းမဟုတ်၊ စင်စစ် ထိုအဒုက္ခ,မသုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ်,ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သော အခါ၌သာ ၎င်း အဒုက္ခ,မ သုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ,နတ်,ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါး ခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် တီရဏ ပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်ပေ၏။ ထိုသို့ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း,ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝစသော အာသဝေါ

တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများလေလေသာဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ ဟူ၍ရင်း အလျင်းမရှိ ကုန်ဘဲ ထိုအဒုက္ခ, မ သုခဝေဒနာတို့သည် သာလျှင် မိမိခန္ဓာ အစဉ်၌ရင်း၊ သူတပါးခန္ဓာအစဉ်၌ရင်း ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက် သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းအဒုက္ခ,မ သုခဝေဒနာတို့ကို စင်စစ် အလို မရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ် ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းအဒုက္ခ, မ သုခဝေဒနာတို့ သည် ငါ,သူသတ္တဝါစသော အတ္တ မဟုတ်ပါဘဲလျက် ဖြစ်သင့် သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ,မရဏာ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ် လေကုန်၏။ ထိုဒုက္ခဝေဒနာတရားတို့သည်သာလျှင် အဖန်တလဲလဲ ဖြစ်,ပျက်နေကုန်သည်၏ အဖြစ်ကို ဝီရဏပရိညာဥ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့ လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက် တဘန် သဒ္ဒါရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခမသုခဝေဒနာကို ရှုသလို၊ ဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခမ သုခဝေဒနာ ဖြစ်ပုံကိုလည်း ရှုကြည့်အပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော ဂန္ဓာရုံကို နမ်းခဲ့အံ့။ ထိုအခါ ဝိညာဉ်စိတ်သည် နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်ဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း၊ ပြုတိုင်း ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါသော ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာတို့ကို ငါဟုတ်၊ မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်စီးဘဲ နေ၏လော ဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ မပျက်မစီးဘဲ မနေနိုင်၊ စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းအဒုက္ခမ သုခဝေဒနာ၌ အစိုးပိုင်သော သူ၊ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သော အခါ "အနတ္တချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုနောက်တဘန် ထိုဖြစ်ပေါ်သော အဒုက္ခမ သုခဝေဒနာသည်

မိမိမှီရာ ဇောစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာဥပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်" ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်းအဒုက္ခ, မသုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာဆင်းရဲသည်၏အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်း အဒုက္ခ, မသုခဝေဒနာ၏ "ဒုက္ခအချက်" ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော အဒုက္ခ, မသုခဝေဒနာ၏ 'အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်" တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့်အတိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပ စသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာ အင်္ဂါကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ဝိပဿနာ အင်္ဂါကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိကုန်ဘဲ ကင်းပျောက်ကြလေကုန်၏။ နှစ်သက်စရာလည်းမဟုတ် မနှစ်သက်စရာလည်း မဟုတ်သော အနံ့တည်းဟူသော ဂန္ဓာရုံ၏ ထိခိုက်ရာဖြစ်သော ဃာနအကြည်ဟု ဆိုအပ်သော ဃာန

ပဿာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထိုဂန္ဓာရုံဃာန
ပဿာဒတည်းဟူသော ဃာနအကြည်တို့ကိုအကြောင်းခံ၍ဖြစ်ကုန်
သော ဝီထိစိတ်အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်သော နည်းကို အစဉ်မှီး၍ ယခုအခါ ဂန္ဓာ
ရုံကို နမ်းခဲ့သော နေ့ကစ၍ အစဉ်မပြတ် နှစ်သက်စရာလည်း
မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော အနံ့သဘော ဂန္ဓာ
ရုံတို့ကို နမ်းတိုင်း၊ နမ်းတိုင်း ဆင်းရဲသည်လည်းမဟုတ်၊ ချမ်း
သာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော
အဒုက္ခမသုခဝေဒနာအစဉ်သည် ဖြစ်၍၊ ဖြစ်၍ ဇရာ၊မရဏတို့၏
အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့
ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော အဒုက္ခမသုခဝေ
ဒနာသည် ရှေးဦးစွာ ဇရာ၊ မရဏတို့၏ အနှိပ်စက်ကို ခံရ၍ ချုပ်
ကွယ်၏။ ၎င်းနောက် ဆက်၍တဘန်ဖြစ်သော ချမ်းသာသည်
လည်း မဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်သော အလယ်အလတ်
ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်လည်း ၎င်းနေရာ
၌ပင် ဇရာ၊မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤ
သို့လျှင် ၎င်း အဒုက္ခမသုခဝေဒနာသည် တခုပြီး၊ တခုစီသာ
လျှင် ဆက်ခါ၊ ဆက်ခါ၊ ဖြစ်၍၊ ဖြစ်၍ ဇရာ၊ မရဏ၏ အနှိပ်
စက်ကို ခံရပြီးလျှင် ချုပ်ကြလေကုန်၏။

ထိုအဒုက္ခမသုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိ
ကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ယခုအခါ ရှေး
ဦးစွာ ဂန္ဓာရုံကို နမ်းခဲ့သော နေ့ကစ၍ စုတိစိတ် ကျခါနီးတိုင်
အောင် ရှေးဦးစွာ နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာ

လည်း မဟုတ်သော အနံ့ တည်းဟူသော ဂန္ဓာရုံကို နမ်းတိုင်း နမ်းတိုင်း၌ ရှေးဦးစွာ အဒုက္ခ မသုခ ဝေဒနာအစဉ်တို့သည် ဖြစ်၍ ဖြစ်၍ ဇရာ မရဏ၏ အနှိပ်စက်ကို ခံရ၍ ပျက်ကြလေကုန်သည်သာတည်း။ ထိုနောက် တဖန် နှစ်သက်စရာလည်း မဟုတ် မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ဂန္ဓာရုံကို နမ်းပြန်သော အခါ၌လည်း ရှေးနည်းအတူ ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ မသုခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ကုန်ပြီးလျှင် ဇရာ မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ကြလေကုန်၏။ ထိုဂန္ဓာရုံနှင့် ဂန္ဓာရုံ၏ ထိခိုက်ရာဖြစ်သော ဃာနပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ နမ်းခဲ့သော နေ့က စ၍ စုတိအခါ နီးသည့်တိုင်အောင် နှစ်သက်စရာလည်း မဟုတ် မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ဂန္ဓာရုံကို နမ်းတိုင်း နမ်းတိုင်း ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ်ခံစားတတ်သော အဒုက္ခမသုခဝေဒနာ အစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင်ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော အဒုက္ခ မသုခ ဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ် ငါ့ဥစ္စာလည်း မဟုတ် အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော အဒုက္ခ မသုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ

ဖြစ်ပေါ်သင့်သော အကြောင်း အားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီးလျှင် စုတိစိတ် ကျရောက်သော အခါ၌သာ လျှင် ၎င်းဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော အဒုက္ခ, မ သုခဝေဒနာ၏ ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏာပရိညာဉ်ဖြင့် ပိုင်းဖြတ်သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခ, မ သုခဝေဒနာကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော အဒုက္ခ, မ သုခဝေဒနာဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ–သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ဂန္ဓာရုံကို နမ်းတိုင်း, နမ်းတိုင်း ဝုဋ္ဌောစိတ်သည် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်ဟု မှတ်သားခြင်းကို ပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာဇောစိတ်နှင့် တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော အဒုက္ခ, မ သုခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်း မဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထိုအဒုက္ခ, မ သုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်သင့်သောအကြောင်း အားလျော်စွာ မပြတ် ဖြစ်, ပျက်ကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သော အခါ၌သာ ၎င်း အဒုက္ခ,

မသုခ ဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင် သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်းတည်း ဖြစ်ပေါ်ကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများရာရောက်ပေ၏။ ထိုသို့ ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများတိုင်း၊ ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအင်္ဂါကမင်္ဂကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ၊ သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရင်း၊ သူဟူ၍ရင်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူ၍ရင်း၊ အလျှင်းမရှိကုန်ဘဲ ထိုအဒုက္ခ၊ မသုခဝေဒနာတို့သည်လာလျှင် မိမိခန္ဓာအစဉ်၌ရင်း၊ သူတပါး ခန္ဓာအစဉ်၌ရင်း ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ် ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းအဒုက္ခ၊ မသုခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ အဘယ့်

ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းအဒုက္ခ, မသုခဝေဒနာတို့သည် ငါ့, သူ, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာဖြစ်ကုန်၏။

ထိုနောက်တဘန် ဂန္ဓာရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခ, မသုခဝေဒနာကို ရှူသလိုရသာရုံကို၊ အကြောင်းခံ၍ ဖြစ်သော အဒုက္ခ, မသုခဝေဒနာ ဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော ရသာရုံကို လျက်ခဲ့အံ့။ ထိုအခါ ဝုဋ္ဌောစိတ်သည် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်ဟု မှတ်သားခြင်းကို ပြု၏။ ထိုသို့ ပြုတိုင်း, ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မသုခဝေဒနာနှင့်ယှဉ်သော ဇောစိတ် အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မသုခ

ဝေဒနာကို ငါဟုတ်, မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာ မဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်း အဒုက္ခ, မ သုခဝေဒနာ၌ အစိုးပိုင်သောသူ့ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော အဒုက္ခ, မ သုခဝေဒနာသည် မိမိမှာ ဇောစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရသော ၎င်း အဒုက္ခ, မ သုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့ မြင်လျှင် အဒုက္ခ, မ သုခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။ ထိုပြဆို အပ်ပြီးသော အဒုက္ခ, မ သုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို

ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်း ကို ကောင်းစွာ မြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ထို သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိနှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ်ဖြစ်ပေါ်မှု မရှိဘဲ ကင်းပျောက်ကြလေကုန်၏။ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အရသာတည်းဟူသော ရသာရုံ, ထို ရသာရုံ၏ ထိခိုက်ရာဖြစ်သော လျှာအကြည်ဟု ဆိုအပ်သော ဇိဝှါပသာဒရုပ်တို့သည်လည်း ကွယ်ပျောက်ကြကုန်၏။ ထို ရသာရုံ, ဇိဝှါပသာဒ တည်းဟူသော လျှာအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤသို့ ပြဆိုအပ်သောနည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ရသာရုံကို လျက်ခဲ့သောနေ့ကစ၍ အစဉ်မပြတ် နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အရသာ သဘောရှိသော ရသာရုံတို့ကို လျက်တိုင်း, လျက်တိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခ ဝေဒနာအစဉ်သည်

ဖြစ်၍, ဖြစ်၍ ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌ ရှေးဦးစွာဖြစ်သော အဒုက္ခ, မသုခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက် ဆက်၍ တဘန်ဖြစ်သော ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မသုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်း အဒုက္ခ, မသုခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ, ဆက်ခါ ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။

ထို အဒုက္ခ, မသုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလ ရှေးဦးစွာ ရသာရုံကို လျက်ခဲ့သော နေ့ကစ၍ စုတိကျခါနီး တိုင်အောင် ရှေးဦးစွာ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အရသာတည်းဟူသော ရသာရုံကို လျက်တိုင်း, လျက်တိုင်း၌ ရှေးဦးစွာ အဒုက္ခ, မသုခဝေဒနာအစဉ်တို့သည် ဖြစ်၍, ဖြစ်၍ ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ပျက်ကြလေကုန်၏။ ထိုရသာရုံနှင့် လျှာအကြည်တို့လည်း ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ပျက်ကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် နှစ်သက်စရာလည်းမဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ရသာရုံကို လျက်ပြန်သော

အခါ၌လည်း ရှေးနည်းအတူ ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်ကြလေကုန်၏။ ထိုရသာရုံနှင့် ရသာရုံ၏ ထိခိုက်ရာဖြစ်သော ဇိဝှါပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ လျက်ခဲ့သော နေ့ကစ၍ စုတိအခါနီးသည့်တိုင်အောင် နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်သော သဘောရှိသော ရသာရုံတို့ကို လျက်တိုင်း၊ လျက်တိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာ ဇောစိတ်အစဉ်သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော အဒုက္ခမသုခဝေဒနာတို့သည် စင်စစ် ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်သော အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော အဒုက္ခမသုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ၊ ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်ပျက်ကြကုန်ပြီး၍ စုတိကျရောက်သော အခါ၌သာလျှင် ၎င်းရသာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော အဒုက္ခမသုခဝေဒနာ၏

ဖြစ်မှုအစဉ်သည် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခ မ သုခဝေဒနာကို မြင်ပြီး နောက်ဘဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော အဒုက္ခ မ သုခဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ-သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ရသာရုံကို လျက်တိုင်း လျက်တိုင်း၌ ဝုဋ္ဌောစိတ် သည် နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်ဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ပြုတိုင်း ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ်ခံစား တတ်သော အဒုက္ခ မ သုခဝေဒနာတို့သည် မိမိ မိမိတို့၏ မိုရာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ် ဖြစ်ပေါ်ပြီး၍ လိုနေရာ၌ပင် ဇရာ မရဏ၏ အနှိပ်စက်ကိုခံရပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထို ကွယ်ပျောက်ကြရကုန်သော အဒုက္ခ မ သုခ ဝေဒနာတို့သည် စင်စစ် သူလည်းမဟုတ်၊ သူ၏ဥစ္စာလည်း မဟုတ်၊ သူ၏အစိုး ပိုင်သောတရားလည်းမဟုတ်၊ စင်စစ် ထိုအဒုက္ခ မ သုခ ဝေဒနာ တို့သည် သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ် ပျက် ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ် ကျရောက်သောအခါ ၌သာ ၎င်း အဒုက္ခ မ သုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေ တော့သည်ဟု လူ နတ် ဗြဟ္မာ သတ္တဝါဟု သမုတ်အပ်သော

သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှသည် တီရဏပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း တတူတကွ တပေါင်းတည်း ဖြစ်ကြကုန်သည်သာတည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အင်္ဂါမဂ်ကို ပွားများရာ ရောက်လေ၏။ ထိုသို့ ဝိပဿနာ အင်္ဂါမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝစသော အာသဝေါ တရားတို့သည် ဖြစ်ပေါ်မှု မရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အင်္ဂါမဂ်ကို ပွားများလေလေသာဖြစ်၏။ ထိုသို့ ပွားများဘန် များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍ရှင်း၊ သူဟူ၍ရှင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ရှင်း အလျှင်းမရှိကုန်ဘဲ ထိုအဒုက္ခ, မ သုခ ဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌ရှင်း၊ သူတပါးခန္ဓာအစဉ်၌ရှင်း ဖြစ်သင့်သော အကြောင်း အားလျော်စွာ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းအဒုက္ခ, မ သုခဝေဒနာတို့ကို စင်စစ် အလို မရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းအဒုက္ခ, မ သုခ ဝေဒနာ

တို့သည် ငါ၊ သူ၊ သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ၊ မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်၊ ပျက်နေကုန်သည်၏ အဖြစ်ကို တိရစ္ဆာပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် ငြိမ်းငေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ် ငြိမ်းငေ့လေသော ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရား လေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ထိုနောက်တဘန် ရသာရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခ၊ မ သုခ ဝေဒနာကိုရှုသလို၊ ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခ၊ မ သုခ ဝေဒနာ ဖြစ်ပုံကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ-အကြင်အခါ နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သည် ဖြစ်အံ့။ ထိုအခါ ဝုဋ္ဌောစိတ်သည် နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်ဟု မှတ်သားခြင်းကိုပြု၏။ ထိုသို့ ပြုတိုင်း၊ ပြုတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ၊ မ သုခ ဝေဒနာနှင့် ယှဉ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ် အစဉ်၌ ပါသော ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ၊ မ သုခ ဝေဒနာကို ငါဟုတ်၊ မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ ဥစ္စာလောဟု စုံစမ်း

ဆင်ခြင်လျှင် စင်စစ် ငါ၏ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတို့ကို မပျက်စီးရအောင် အလိုရှိအံ့။ ထိုသို့အလိုရှိတိုင်း မပျက်မစီးဘဲ နေ၏လောဟု ဆင်ခြင်ကြည့်ကြလေ။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ်ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့မြင်လျှင် ၎င်းအဒုက္ခ, မသုခ ဝေဒနာ၌ အစိုးပိုင်သော သူ, အလိုလိုက်စေတတ်သောသူသည်လည်း စင်စစ်မရှိသည်၏ အဖြစ်ကိုရင်း မြင်ကြလိမ့်မည်။ ထိုသို့ မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။

ထိုနောက်တဘန် ထိုဖြစ်ပေါ်သော အဒုက္ခ, မ သုခ ဝေဒနာသည်၌ မိမိမှိုရာ ဇောစိတ်နှင့်တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည်မည်၏။ ထိုသို့ ဇရာ, မရဏ၏ အနှိပ်စက်ကိုခံရသော ၎င်း အဒုက္ခ, မ သုခဝေဒနာကို ချမ်းသာလေသလော, ဆင်းရဲလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင် လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကို သိမြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်း အဒုက္ခ, မ သုခ ဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည်မည်၏။ ထိုပြဆိုအပ်ပြီးသော အဒုက္ခ, မ သုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အတိုင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိ မဂ္ဂင်မည်၏။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တိုင်း,ဖြစ်တိုင်း သမ္မာသင်္ကပ္ပစသော ကျန်သောမဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိနှင့် အတူတကွ တပေါင်းတည်း ဖြစ်ပါကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာအင်္ဂါကမဂ်ကို ပွားများရာရောက်၏။ ထိုသို့ဝိပဿနာအင်္ဂါကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟုသမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိဘဲ ကင်းပျောက်ကြလေကုန်၏။ နှစ်သက်စရာလည်း မဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အတွေ့တည်းဟူသော ဖေါဋ္ဌဗ္ဗာရုံ, ထိုဖေါဋ္ဌဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယအကြည်ဟု ဆိုအပ်သော ကာယပသာဒ ရုပ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံ, ကာယပသာဒတည်းဟူသော ကာယအကြည်တို့ကို အကြောင်းခံ၍ ဖြစ်ကုန်သော ဝိထိစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤသို့ပြဆိုအပ်သော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလ ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သော နေ့ကစ၍ အစဉ်မပြတ် နှစ်သက်စရာလည်းမဟုတ်, မနှစ်သက်စရာလည်း မဟုတ်သော အတွေ့သဘော ရှိသော ဖေါဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း, တွေ့ထိတိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခ ဝေဒနာအစဉ်သည် ဖြစ်၍, ဖြစ်၍ ဇရာ,မရဏတို့၏ အနှိပ်စက်ကိုခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ချုပ်ကွယ်ပျောက်ရာ၌

ရှေးဦးစွာဖြစ်သော အဒုက္ခမသုခဝေဒနာသည် ရှေးဦးစွာ ဇရာ မရဏာ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍တဘန်ဖြစ်သော ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ မရဏာ၏ အနှိပ်စက်ကိုခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းအဒုက္ခမသုခ ဝေဒနာတို့သည် တခုပြီး တခုစီ သာလျှင် ဆက်ခါ ဆက်ခါ ဖြစ်၍ ဖြစ်၍ ဇရာ မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်လေ၏။

ထိုအဒုက္ခမသုခ ဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ယခင် ကာလ ရှေးဦးစွာ ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိခဲ့သော နေ့ကစ၍ စုတိစိတ်ကျခါနီးတိုင်အောင် ရှေးဦးစွာ နှစ်သက်စရာလည်းမဟုတ် မနှစ်သက်စရာလည်း မဟုတ်သော အတွေ့တည်းဟူသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိတိုင်း တွေ့ထိတိုင်း၌ ရှေးဦးစွာ အဒုက္ခမသုခ ဝေဒနာအစဉ်တို့သည် ဖြစ်၍ ဖြစ်၍ ဇရာ မရဏာ၏ အနှိပ်စက်ကို ခံရ၍ ပျက်ကြလေကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံနှင့် ကာယ အကြည်တို့လည်း ဇရာ မရဏာ၏ အနှိပ်စက်ကိုခံ၍ ပျက်ကြလေကုန်သည်သာတည်း။ ထိုနောက်တဘန် နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိပြန်သောအခါ၌လည်း ရှေးနည်းအတူ ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ် ခံစား

တတ်သော အဒုက္ခမသုခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ပြီးလျှင် ဇရာ မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ကြလေကုန်၏။ ထိုဖေါဋ္ဌဗ္ဗာရုံနှင့် ဖေါဗ္ဗာရုံ၏ ထိခိုက်ရာဖြစ်သော ကာယပသာဒတို့သည်လည်း ထိုနေရာ၌ပင် ဇရာ-မရဏ၏ အနှိပ်စက်ကိုခံရ၍ ကွယ်ပျောက်ကြလေကုန်၏။

ဤသို့လျှင် ငယ်စဉ်ကာလ တွေ့ထိခဲ့သော နေ့ကစ၍ စုတိအခါနီးသည့်တိုင်အောင် နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော သဘောရှိသော ဖေါဋ္ဌဗ္ဗာရုံတို့ကို တွေ့ထိတိုင်း တွေ့ထိတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားဘတ်သော အဒုက္ခမသုခ ဝေဒနာ ဇောစိတ်အစဉ်တို့သည် ဖြစ်သင့်သော အကြောင်း အားလျော်စွာ မပြတ် ဖြစ်ပေါ်ကုန်ပြီး၍ ဇရာ မရဏ၏ အနှိပ်စက်ကို ခံကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကုန်သော အဒုက္ခမသုခ ဝေဒနာတို့သည် စင်စစ် ငါလည်းမဟုတ် ငါ့ဥစ္စာလည်း မဟုတ်၊ အစိုးပိုင်သော တရားလည်းမဟုတ်၊ စင်စစ် ငါမဟုတ်သော အဒုက္ခမသုခ ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်ပျက်ကြကုန်ပြီး၍ စုတိကျရောက်သော အခါ၌သာလျှင် ၎င်းဖေါဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်ကုန်သော အဒုက္ခမသုခဝေဒနာ၏ဖြစ်မှုအစဉ်သည် ပြတ်စဲ လေတော့သည်ဟု တီရဏ ပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခမသုခ ဝေဒနာကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာ အစဉ်၌ ဖြစ်သော အဒုက္ခမသုခ ဝေဒနာ ဖြစ်စဉ်ကိုလည်း ရှုအပ်၏။ ရှုပုံမှာ- သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာ အစဉ်၌လည်း နှစ်သက်ဖွယ်ရာလည်း မဟုတ်၊ မနှစ်သက်ဖွယ်ရာလည်း မဟုတ်သော သဘောရှိသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိတိုင်း၊ တွေ့ထိတိုင်း ဝိညာဉ်စိတ်သည် နှစ်သက်ဖွယ်ရာလည်းမဟုတ်၊ မနှစ်သက်ဖွယ်ရာလည်း မဟုတ်ဟု မှတ်သားခြင်းကို ပြု၏။ထိုသို့ပြုတိုင်း၊ ပြုတိုင်း ဆင်းရဲသည်သည်းမဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခမသုခ ဝေဒနာတို့သည် မိမိ၊ မိမိတို့၏ မှီရာဇောစိတ်နှင့်တကွ ဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ၊ မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ကွယ်ပျောက် ကြရကုန်၏။

ထိုကွယ်ပျောက် ကြရကုန်သော အဒုက္ခမသုခ ဝေဒနာတို့သည် စင်စစ် သူလည်း၊ မဟုတ်၊ သူ၏ဥစ္စာလည်းမဟုတ်၊ သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထိုအဒုက္ခမသုခ ဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ၊ ရက်ရှိသမျှ ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ်ဖြစ်ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သော အခါ၌သာလျှင် ၎င်းအဒုက္ခမသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာ ဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင် ဟူသမျှ သည် တီရဏ ပရိညာဉ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင် တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပ စသော (၇)ပါးသော မဂ္ဂင်တို့သည်လည်း အတူတကွ တပေါင်း တည်း ဖြစ်ပေါ်ကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပေါ်ခြင်း ကြောင့် ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများရာ ရောက်ပေ၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ စသော အာသဝေါတရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြ လေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများ လေလေသာ ဖြစ်၏။ ထိုသို့ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါး ခန္ဓာအစဉ်၌ ငါဟူ၍ရှင်း၊ သူဟူ၍ရှင်း၊လူ, နတ်, ဗြဟ္မာ,သတ္တဝါ ဟူ၍ရှင်း အလျှင်းမရှိဘဲ ထိုအဒုက္ခ, မ သုခဝေဒနာတို့သည်သာ လျှင် မိမိ ခန္ဓာအစဉ်၌ရှင်း၊ သူတပါးခန္ဓာအစဉ်၌ရှင်း ဖြစ်သင့် သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ် ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကိုရခံရကုန်ပြီး လျှင် ချုပ်ကွယ်ပျောက် သွားကြသည် တို့ကို တရေးရေး မြင်လေ၏။

ထိုသို့မြင်လျှင် ၎င်းအဒုက္ခ, မ သုခ ဝေဒနာတို့ကို စင်စစ် အလို မရှိဘဲငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေတော့၏။အဘယ်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းအဒုက္ခ, မ သုခ ဝေဒနာတို့သည် ငါ, သူ, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အ

ကြောင်းအားလျော်စွာဖြစ်ပေါ်ပြီးလျှင် ဇရာ၊ မရဏ၏အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာလျှင် အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်၊ ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ် တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စက်ဆုပ် ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟူ သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့ ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသည်သာ ဖြစ်ကုန်၏။

ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော အဒုက္ခ, မသုခဝေဒနာကို ရှုသလို၊ စက္ခု စသော ဓမ္မာရုံကို အကြောင်းခံ၍ဖြစ်သော အ ဒုက္ခ, မ သုခဝေဒနာကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ–အကြွင်အခါ နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်း မဟုတ်သော ဓမ္မာရုံတပါးပါးကို အာရုံပြု၍ နှစ်သက်စရာလည်း မဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်သောဓမ္မာရုံကိုကြံစည်အောက်မေ့မိတိုင်း၊ အောက်မေ့မိတိုင်း ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အ ဒုက္ခ, မ သုခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝီထိဟု ဆိုအပ်သော ဇောစိတ်အစဉ်သည် ဖြစ်၏။ ထိုဇောစိတ်အစဉ်၌ ပါရှိသော ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အ ဒုက္ခ, မ သုခဝေဒနာကို ငါဟုတ်၊ မဟုတ်ကို စုံစမ်းဆင်ခြင်လျှင် စင်စစ် ငါ မဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါမဟုတ်လျှင် ငါ၏ဥစ္စာလောဟု စုံစမ်းဆင်ခြင်လျှင် ငါ၏ ဥစ္စာမဟုတ်သည်၏ အဖြစ်ကိုရင်း၊ ငါ၏

ဥစ္စာမဟုတ်လျှင် ၎င်းဝေဒနာတရားတို့ကို မပျက်မစီးရအောင် အလိုရှိခဲ့အံ့။ ထိုသို့ အလိုရှိတိုင်း မပျက်မစီးဘဲ မနေနိုင် စင်စစ် ပျက်စီးမည်ကိုသာ မြင်ကြလိမ့်မည်။ ထိုသို့ မြင်လျှင် ၎င်းအဒုက္ခမသုခဝေဒနာ၌ အစိုးပိုင်သူ အလိုလိုက်စေတတ်သော သူသည်လည်း စင်စစ် မရှိသည်၏ အဖြစ်ကို၎င်း မြင်ကြလိမ့်မည်။ ထိုသို့မြင်သောအခါ "အနတ္တချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။

ထိုနောက်တဘန် ထိုဖြစ်သော အဒုက္ခမသုခဝေဒနာသည် မိမိမှီရာ ဇောစိတ်နှင့် တကွ ထိုဖြစ်ပေါ်သော နေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်လေတော့၏။ ထိုသို့ ကွယ်ပျောက်သည်ကို ဉာဏ်ဖြင့် စုံစမ်း ဆင်ခြင်၍ သိမြင်လျှင် "အနိစ္စချက်"ကို တီရဏပရိညာဉ်ဖြင့် သိမြင်သည် မည်၏။ ထိုသို့ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရသော အဒုက္ခမသုခဝေဒနာကို ဆင်းရဲလေသလော, ချမ်းသာလေသလောဟု ဉာဏ်ဖြင့် ကြည့်ရှု၍ ဆင်ခြင်လေလျှင် စင်စစ် မချမ်းသာ ဆင်းရဲသည်၏ အဖြစ်ကိုသာ မြင်ရလေ၏။ ထိုသို့ မြင်လျှင် ၎င်း အဒုက္ခမသုခဝေဒနာ၏ "ဒုက္ခအချက်"ကို တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်သည် မည်၏။ ထိုသို့ပြအပ်ပြီးသော အဒုက္ခမသုခဝေဒနာ၏ "အနတ္တအချက်, အနိစ္စအချက်, ဒုက္ခအချက်"တို့ကို ပိုင်းဖြတ်၍ သိမြင်သော တီရဏပရိညာဉ်သည် ဟုတ်မှန်သည့် အကြောင်းကို ကောင်းစွာမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

ထို သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တိုင်း, ဖြစ်တိုင်း သမ္မာသင်္ကပ္ပ စသော ကျန်သော မဂ္ဂင်တို့လည်း ထိုသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတကွ

တပေါင်းတည်း ဖြစ်ပါကြကုန်၏။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများရာ ရောက်၏။ ထိုသို့ ဝိပဿနာ အင်္ဂါကမင်္ဂကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာ တို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိဘဲ ကင်းပျောက်ကြလေကုန်၏။ ထိုမွှာရုံ့, ဓမ္မာရုံကို အာရုံပြုကုန်သော အဒုက္ခ, မ သုခဝေဒနာနှင့် ယှဉ်သော မနောဒွါရဝိထိ ဇောစိတ် အစဉ်တို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။

ဤပြဆိုအပ်ပြီးသော နည်းကို အစဉ်မှီး၍ ငယ်စဉ်ကာလက စ၍ နှစ်သက်အပ်သည်လည်း မဟုတ်, မနှစ်သက်အပ်သည်လည်း မဟုတ်သည်၏ အဖြစ်ဖြင့် စိတ်ကူးမိတိုင်း, စိတ်ကူးမိတိုင်း ဆင်းရဲသည်သည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာတို့သည် မိမိမှီရာ ဇောစိတ်နှင့်တကွ အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကုန်၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ ကွယ်ပျောက်ကုန်ရာ၌ ရှေးဦးစွာ ဖြစ်သော အဒုက္ခ, မ သုခဝေဒနာသည် ရှေးဦးစွာ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်၏။ ၎င်းနောက်၌ ဆက်၍ တဘန်ဖြစ်သော ဆင်းရဲသည်လည်းမဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မ သုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ၎င်းနောက်တဘန် ဆက်သွယ်၍ ဖြစ်သော ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်

သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မသုခဝေဒနာသည်လည်း ၎င်းနေရာ၌ပင် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ချုပ်ကွယ်လေ၏။ ဤသို့လျှင် ၎င်းအဒုက္ခ, မသုခဝေဒနာတို့သည် တခုပြီး, တခုစီသာလျှင် ဆက်ခါ, ဆက်ခါ ဖြစ်ပေါ်,ဖြစ်ပေါ်ကုန်၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ကြလေကုန်၏။

ထိုအဒုက္ခ, မသုခဝေဒနာတို့သည် နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိကုန်။ ထိုသို့ ဖြစ်ရိုးမရှိသည်ကို သိကြလျှင် ငယ်စဉ်ကာလက စ၍ နေ့စဉ် ရှေးဦးစွာ နှစ်သက်အပ်သည်လည်း မဟုတ်, မနှစ်သက်အပ်သည်လည်း မဟုတ်သော ဓမ္မာရုံကို စိတ်ကူး၍ ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ် ခံစားတတ်သော ဇောစိတ်အစဉ်၌ဖြစ်သော အဒုက္ခ, မသုခဝေဒနာအစဉ်တို့သည်သာလျှင် ဖြစ်ပေါ်, ဖြစ်ပေါ်ကုန်၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြလေကုန်၏။ ထိုနောက်ဖြစ်သော ဇောစိတ်အစဉ်၌ ပါရှိသော အဒုက္ခ, မသုခဝေဒနာတို့သည်လည်း ထိုနောက် ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရ၍ ကွယ်ပျောက်ကုန်၏။ ဤသို့လျှင် နှစ်သက်အပ်သည်လည်း မဟုတ်,မနှစ်သက်အပ်သည်လည်း မဟုတ်သော ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ကုန်သော အဒုက္ခ, မသုခဝေဒနာ၏ ဖြစ်စဉ်တို့သည် စုတိကျရောက်ခါနီး တိုင်အောင် ဖြစ်, ပျက်ကြလေကုန်၏။ ထိုသို့အစဉ်မပြတ် ဖြစ်, ပျက်နေကြကုန်သော အဒုက္ခ, မသုခဝေဒနာတို့သည် စင်စစ် ငါလည်းမဟုတ်, ငါ၏ ဥစ္စာလည်းမဟုတ်, အစိုး

ပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ငါမဟုတ်သော အဒုက္ခ, မသုခဝေဒနာတို့သည်သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ ဖြစ်ပေါ်သင့်သော အကြောင်းအားလျော်စွာ မပြတ်မလတ် ဖြစ်, ပျက်ကြကုန်ပြီး၍ စုတိစိတ် ကျရောက်သော အခါ၌သာလျှင် ပြတ်စဲလေတော့သည်ဟု တီရဏပရိညာဉ်ဖြင့် ပိုင်းဖြတ်၍ သိမြင်လေတော့၏။

ထိုသို့ မိမိခန္ဓာ၌ ဖြစ်သော အဒုက္ခ, မသုခဝေဒနာဖြစ်စဉ်ကို မြင်ပြီး နောက်တဘန် သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌ ဖြစ်သော အဒုက္ခ, မသုခဝေဒနာဖြစ်စဉ်ကိုလည်း ကြည့်ရှုအပ်၏။ ကြည့်ရှုပုံမှာ သူတပါးဟု သမုတ်အပ်သော ဗဟိဒ္ဓခန္ဓာအစဉ်၌လည်း နှစ်သက်အပ်သည်လည်း မဟုတ်, မနှစ်သက်အပ်သည်လည်း မဟုတ်သော ဓမ္မာရုံတပါးပါးကို နှစ်သက်အပ်သည်လည်း မဟုတ်, မနှစ်သက်အပ်သည်လည်း မဟုတ်ဟူ၍ စိတ်ကူးကြံစည်တိုင်း, ကြံစည်တိုင်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ် ခံစားတတ်သော အဒုက္ခ, မသုခဝေဒနာတို့သည် မိမိ, မိမိတို့၏ မှီရာ ဇောစိတ်နှင့်တကွ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီး၍ ထိုနေရာ၌ပင် ဇရာ, မရဏတို့၏ အနှိပ်စက်ကို ခံရကုန်ပြီးလျှင် ကွယ်ပျောက်ကြရကုန်၏။ ထိုကွယ်ပျောက်ကြရကုန်သော အဒုက္ခ, မသုခဝေဒနာတို့သည် စင်စစ် သူလည်း မဟုတ်, သူ၏ ဥစ္စာလည်းမဟုတ်, သူ၏ အစိုးပိုင်သော တရားလည်း မဟုတ်၊ စင်စစ် ထို အဒုက္ခ, မသုခဝေဒနာတို့သည် သာလျှင် နေ့ရှိသမျှ, ရက်ရှိသမျှ စိတ်ကူးတိုင်း, စိတ်ကူးတိုင်း

ဖြစ်သင့်သော အကြောင်းအားလျော်စွာ မပြတ် ဖြစ်ပျက်ကြကုန်ပြီးလျှင် သေသည်ဟု သမုတ်အပ်သော စုတိစိတ်ကျရောက်သောအခါ၌သာ ထိုအဒုက္ခမသုခဝေဒနာတို့၏ ဖြစ်စဉ်သည် ပြတ်စဲလေတော့သည်ဟု လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု သမုတ်အပ်သော သူတပါးခန္ဓာဖြစ်စဉ်၌လည်း ဉာဏ်အမြင် ပေါက်ရောက်လေတော့၏။

ထိုသို့ ပေါက်ရောက်လေသမျှသော ဉာဏ်အမြင်ဟူသမျှသည် တီရဏပရိညာဉ်ဟုဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်သာလျှင်တည်း။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင် ကျန်သော သမ္မာသင်္ကပ္ပစသော မဂ္ဂင် (၇)ပါးတို့သည်လည်း အတူတကွ တပေါင်းတည်းဖြစ်ပါကြကုန်သည်သာတည်း။ ထိုသို့ ဖြစ်ပါခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများရာရောက်ပေ၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို ပွားများတိုင်း, ပွားများတိုင်း ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တရားတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းကြလေကုန်၏။ ထိုသို့ ကင်းသည်၏ အဖြစ်ကို ဆင်ခြင်ကြည့်ရှု၍ မြင်လေလေ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို ပွားများလေလေသာ ဖြစ်၏။ ထိုသို့ ပွားများဘန်များလတ်သော် မိမိခန္ဓာ, သူတပါးခန္ဓာအစဉ်၌ ငါဟူ၍၎င်း၊ သူဟူ၍၎င်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍၎င်း၊ အလျှင်းမရှိကုန်ဘဲ ထိုအဒုက္ခမသုခဝေဒနာတို့သည်သာလျှင် မိမိခန္ဓာအစဉ်၌၎င်း၊ သူတပါးခန္ဓာအစဉ်၌၎င်း ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ကြကုန်၍ ထိုဖြစ်

ပေါ်သော နေရာ၌ပင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရပြီးလျှင် ချုပ်ကွယ်ပျောက်သွားကြကုန်၏။ ထိုသို့ ကွယ်ပျောက်သွားကြသည်တို့ကို တရေးရေးမြင်လေ၏။

ထိုသို့ မြင်လျှင် ၎င်းအဒုက္ခ, မသုခဝေဒနာတို့ကို စင်စစ် အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ ရောက်လေတော့၏။ အဘယ့်ကြောင့် ရောက်လေသနည်းဟူမူ၊ ၎င်းအဒုက္ခ, မသုခဝေဒနာတို့သည် ငါ, သူ, သတ္တဝါစသော အတ္တမဟုတ်ပါဘဲလျက် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်, ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဆင်းရဲဒုက္ခတရားသာ အမှန်ဖြစ်လေကုန်၏။ ထိုဒုက္ခတရားတို့သည်သာလျှင် အဘန်တလဲလဲ ဖြစ်, ပျက်နေကုန်သည်၏ အဖြစ်ကို တီရဏပရိညာဉ်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် မြင်လေသောကြောင့် စင်စစ် စက်ဆုပ်ငြီးငွေ့လေသည်ဟူလို။ ထိုသို့ စက်ဆုပ်ငြီးငွေ့လေလေ ယောဂါဝစရပုဂ္ဂိုလ်ဟု သမုတ်အပ်သော ခန္ဓာဖြစ်စဉ်၌ အာသဝေါတရားလေးပါးတို့သည် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေလေသာ ဖြစ်ကုန်၏။ ထိုသို့ ကင်းမှန်းကို သိလေလေ ၎င်းဝေဒနာတရားတို့ကို အဘန်တလဲလဲ ပြဆိုအပ်ပြီးသော နည်းအတိုင်း သုံးသပ်လေလေသာ ဖြစ်၏။

ထိုသို့ သုံးသပ်တိုင်း, သုံးသပ်တိုင်း ရံခါ ရူပါရုံကိုမြင်၍ ဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်သင့်သော

အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။ ရံခါ သဒ္ဒါရုံကို ကြား၍ ဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်သင့်သောအကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။ ရံခါ ဂန္ဓာရုံကို နမ်း၍ ၎င်းဝေဒနာ သုံးပါးတို့တွင် တပါးပါးသော ဝေဒနာတို့သည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။ ရံခါရသာရုံကို လျက်၍ ၎င်းဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။ ရံခါ ထိတွေ့အပ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ, တွေ့ထိ၍ ၎င်းဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။ ရံခါ ဓမ္မာရုံကို အာရုံပြု၍ စိတ်ကူးကြံစည်တိုင်း, ကြံစည်တိုင်း ၎င်းဝေဒနာသုံးပါးတို့တွင် တပါးပါးသော ဝေဒနာသည် ဖြစ်သင့်သော အကြောင်းအားလျော်စွာ ဖြစ်ပေါ်ပြီးလျှင် ဇရာ, မရဏာ၏ အနိုပ်စက်ကို ခံရပြီး၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက်လေမှုကိုသာ မြင်လေ၏။

## ဝေဒနာသုံးစား အာရုံခြောက်ပါး ငြီးငွေ့ခြား၍ နိဗ္ဗာန်ရောမ သစ္စာတရား ရနိုင်ပုံ။

ဤသို့လျှင် အာရုံခြောက်ပါး, ဒွါရခြောက်ပါးတို့၌ ၎င်းသုံးခုဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခ, မသုခဝေဒနာတရားတို့သည် သာလျှင် မရပ်မစဲ ဖြစ်သင့်သော အကြောင်းအားလျော်စွာဖြစ်ပေါ်ပြီး၍ ဇရာ, မရဏာ၏ အနှိပ်စက်ကို ခံရပြီးလျှင် ဒုက္ခအဖြစ်သို့ ရောက်၍ မရပ်မစဲ ပျက်စီး၍ ကွယ်ပျောက်နေသည်တို့ကို တရေးရေးမြင်လေ၏။ ထိုသို့မြင်ဖန်များလတ်သော် ၎င်းဝေဒနာတို့ကို အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ပြီးလျှင် ၎င်းတို့မှ လွတ်ရာတရားကို ဉာဏ်ဖြင့် ရှာလေသော်၊ ၎င်းတို့မှ လွတ်မြောက်၍ နေသော မဖြစ်,မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတ ဓာတ်နိဗ္ဗာန်ရောမ သစ္စာတရားကိုဉာဏ်ဖြင့် သိမြင်လေတော့၏။

အဘယ်ကြောင့် မဖြစ်, မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်ရောမသစ္စာကို မြင်လေသနည်းဟူမူ၊အပူရှိလျှင် အပူ၏ဆန့်ကျင်ဘက် အေးတရားသည် လောက၌ ဓမ္မတာအားဖြင့် ထင်ရှားရှိသကဲ့သို့၎င်း၊ အမိုက်ရှိလျှင် အမိုက်၏ ဆန့်ကျင်ဘက် အလင်းတရားသည် ထင်ရှား ရှိသကဲ့သို့၎င်း၊ လိုချင်သော သဘောရှိလျှင် ၎င်း၏ ဆန့်ကျင်ဘက် မလိုချင်သော သဘောသည် ထင်ရှားရှိသကဲ့သို့၎င်း၊ ထိုနည်းအတူ မရပ်မစဲ ဖြစ်,ပျက်နေသော သင်္ခတ တရားရှိလျှင် ၎င်းဖြစ်,ပျက် နေသောသင်္ခတ

တရား၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်, မပျက်သော သဘော တရား တည်းဟူသော အသင်္ခတ တရားသည်လည်း စင်စစ် ရှိသည်၏ အဖြစ်ကြောင့်တည်း။

ထို့ကြောင့် ဝေဒနာတရားတို့၏ မရပ်မစဲ ဖြစ်,ပျက်နေသော တရားကိုမြင်၍ ယခုဖြစ်ဆဲ ဝေဒနာတရားတို့ကို အလိုမရှိလျှင် နောင်ဖြစ်လတံ့သော ဝေဒနာတရားတို့ကိုလည်း အလိုမရှိပြီ။ အဘယ်ကြောင့်ဆိုသော် နောင်ဖြစ်ပေါ်လတံ့သော ဝေဒနာ တို့လည်း ယခု ပစ္စက္ခနည်းတူ ဖြစ်ပေါ်လျှင် ဇရာ,မရဏ၏ အနှိပ်စက်ကို ခံရ၍ ဒုက္ခအဖြစ်သို့ ရောက်ပြီးလျှင် ကွယ်ပျောက် ခြင်းသို့ ရောက်မည့်တရားသာ ဖြစ်၍ အလိုမရှိပြီ။ ၎င်းဝေဒနာ တို့ကို စက်ဆုပ် ငြီးငွေ့ပြီးလျှင် ၎င်းတို့မှ လွတ်ရာကို ရှာလေ သော် စင်စစ် မဖြစ်, မပျက်ဘဲ အမြဲချမ်းသာလျက်တည်ရှိသော အသင်္ခတဓာတ်ကိုသာ သန္တိပဒဉာဏ်ဖြင့် တွေ့မြင်လေ၏။

ထိုသို့တွေ့မြင်၍ အဘန်ဘန် အာရုံပြုဘန်များလျှင် အကြင် အခါ မဂ်ဖြစ်ထိုက်အံ့။ ဖြစ်,ပျက်နေသော ဝေဒနာတရား တို့ကိုလည်း အလွန် ဖြစ်,ပျက် နေသည်တို့ကို ထင်မြင်ခြင်းသို့ ရောက်ပြီးလျှင် ၎င်းမဖြစ်, မပျက်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်ကို အာရုံ ပြုသောအခါ အလွန် ထင်မြင်ခြင်းသို့ ရောက်လေ၏။

## 10 (တတိယနှိပ်ခြင်း)

ထိုသို့ရောက်ပုံကို ဥပမာ ဆိုသော်၊ မှောင်ထဲ၌ လမ်းလျှောက်သော သူသည် လမ်းကိုသိ၏ လမ်းကိုမြင်သည်ဟူ၍ မဆိုအပ်။ အကြင်အခါ လျှပ်စစ်ပျက်၏။ ထိုအခါ လမ်းကို မြင်လိုက်သည်ဟု ဆိုသကဲ့သို့၊ ထိုအတူ မဂ်ဖြစ်သောအခါ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အလွန်ပင် ထင်ရှားစွာမြင်၍ မိမိမဂ်ကို မိမိပင် ကိုယ်တိုင် မဂ်ရပြီဟု သိနိုင်အောင် အမြင်ဖြစ်လေ၏။ ထိုနောက် ပစ္စဝေက္ခဏာ ဝီထိတို့လည်း ဖြစ်လေ၏။ ဖြစ်ပုံကို "သမ္မပ္ပဒါန် နိရောဓဂ ပထမကျမ်း" ၌ ယူကြလေ။

ထိုနည်းအတူ တဘန်သုံးသပ်၍ ဝေဒနာတရားတို့ကို ငြီးငွေ့စက်ဆုပ်ပြီးလျှင် မဖြစ်၊ မပျက်သော အသင်္ခတဓာတ်သို့ စေလွှတ်ဖန်များလျှင် မဂ်ဖြစ်ထိုက်အံ့၊ ရှေးနည်းအတူ ထင်မြင်ခြင်းသို့ ရောက်လေ၏။ ထိုသို့ ရောက်ပြီး၍ အစဉ်အတိုင်း အရဟတ္တမဂ်သို့ရောက်လျှင် အာသဝေါတရားဟူသမျှတို့သည် အကြွင်းအကျန် မရှိဘဲ ကုန်ခမ်းလေ၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ၎င်းအာသဝေါတရားတို့သည် စင်စစ် မရှိတော့ပြီ။ ထိုအရဟတ္တဖိုလ်သို့ ရောက်သောအခါ ၎င်းဖြစ်နေသောခန္ဓာကို "ရဟန္တာ" ဟု ခေါ်ဝေါ်သမုတ်အပ်လေ၏။ စင်စစ် ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ အရဟတ္တဖိုလ်ကစ၍ အစဉ်မပြတ် ဖြစ်နေသော ခန္ဓာငါးပါး အပေါင်းကို စွဲ၍ "ရဟန္တာ" ဟု အမည်တပ်၍ ခေါ်အပ်လေသည်။

ဂင်း ရဟန္တာဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ မပြတ်ဖြစ်နေသော ပရမတ္ထခန္ဓာငါးပါးအပေါင်းကို ရာဂ, ဒေါသ, မောဟ, ကုန်ပြီးဖြစ်သောကြောင့် တပ်တတ်သောသူ, မုန်းတတ်သောသူ, တွေဝေတတ်သောသူဟူ၍ လောက၌ အမည်တပ်၍ မခေါ်ထိုက်ပြီ။ အဘယ်ကြောင့်ဆိုသော် တပ်တတ်သောရာဂ, မုန်းတတ်သောဒေါသ, တွေဝေတတ်သော မောဟတရား မရှိလေခြင်းကြောင့်တည်း။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ အရဟတ္တဖိုလ်တရားသည် အသင်္ခတဓာတ် နိဗ္ဗာန်တရားကို အာရုံပြု၍ တည်၏။ ထိုသို့အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်သည် အသင်္ခတဓာတ် နိဗ္ဗာန်တရားကို အာရုံပြု၍ တည်သည်ကိုပင် "ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်တည်းဟူသော တရား၌ တည်သည်" ဟူ၍ လောကဝေါဟာရအားဖြင့် ပြောဆိုကြလေသည်။

ထိုရဟန္တာဟု သမုတ်အပ်သော ခန္ဓာငါးပါး တရားအပေါင်းတို့သည် စုတိစိတ်ကျရောက်သောအခါ နာမက္ခန္ဓာ လေးပါးနှင့်တကွ ကမ္မဇရုပ်တို့သည် အကြွင်းမရှိကုန်လေ၏။ နောင်အဆက်ဆက်ဖြစ်ရန် မရှိလေပြီ။ ထိုသို့နောင်အဆက်ဆက်ဖြစ်ရန် မရှိဘဲ ခန္ဓာကုန်ခမ်းလေသောအခါ၊ တဖန် ဘုံ, ဘဝ, ယောနိ, ဂတိတို့ ဖြစ်မှု မရှိခြင်းကြောင့် လူဖြစ်သည်, နတ်ဖြစ်သည် စသည်ဖြင့်လည်း လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ရန် မရှိလေတော့ပြီ။ ထိုကြောင့် ဘုရားရှင်သည် ဝေဒနာ သံယုတ်၌။-

သော ဝေဒနာ ပရိညာယ ဒိဋ္ဌေဓမ္မေ အနာသဝေါ။

ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

ဟူ၍ ဟောတော်မူအပ်လေသည်။ ။

ဤမျှသော စကားအစဉ်ဖြင့် (ဝေဒနာနုပဿနာကျမ်း)ကို အပြီးသတ်လိုက်သတည်း။ ။သံသရာ ဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသော သူတော်ကောင်းတို့သည် ဤပြဆိုအပ်သော နည်းအတိုင်း ကြိုးစားအားထုတ်ကြလေကုန်။ ။

# ဓမ္မဒါန-ကောင်းမှုရှင် စာရင်း

| | | |
|---|---|---|
| ၁။ | ဦးသန့်-ဒေါ်ရင်မေမိသားစု အော်ပုဇွန်တောင် | ၂၀၀ |
| ၂။ | ဦးထွန်းဦးခိုင်-ဒေါ်ခိုင်ညိုမိသားစု<br>အသျှင်ဦးတိက္ခိန္ဒြိယ ဝိပဿနာ (စစ်တွေ) | ၁၀၀ |

| | | |
|---|---|---|
| ၁။ | ဦးထွန်းရင်-ဇနီး ဒေါ်တင်ရွှေ ပန်းဆိုးတန်းရန်ကုန်။ | ၃၀ |
| ၂။ | ဦးထွန်းရှိန်-ဒေါ်သိန်းရှင်နှင့် သမီး ၅၁-လမ်း။ | ၆၀ |
| ၃။ | ဦးအုန်းဖေ-ဒေါ်ငွေညွန့် သဟာယပွဲရုံ ၁၄-လမ်း။ | ၅၀ |
| ၄။ | ဒေါ်စော ပထမ့သော်တင်ရိပ်သာ | ၅၀ |
| ၅။ | ဦးထွန်းကြည်ကို အကြောင်းပြု၍ ဒေါ်ထွေး<br>မိသားစု တတိယ သော်တင်ရိပ်သာ | ၃၇ |
| ၆။ | ဦးဘသိုက်-ဒေါ်ရင်မေ တောင်ဥက္ကလာပ | ၃၀ |
| ၇။ | ဒေါက်တာ ဦးတင်မောင်-ဒေါ်ခင်ကြည် မိသားစု<br>လှူစုလမ်း။ | ၂၅ |
| ၈။ | ဒေါ်စိဝင်း မိသားစု မစ်ရှင်လမ်း။ | ၂၅ |
| ၉။ | ဦးဆင့်-ဒေါ်တင်မေ မိသားစု ဗိုလ်ချုပ်လမ်း။ | ၂၅ |
| ၁၀။ | ဦးဘမောင် K.S.M ဟာဝမစ္စတိတ်လမ်း။ | ၂၅ |
| ၁၁။ | ဒေါ်စိုးမေ မိသားစု ၅၁-လမ်း။ | ၂၀ |
| ၁၂။ | ဦးညွန့် မိသားစု ၅၀-လမ်း။ | ၂၀ |
| | ဦးတင်အုံး-ဒေါ်ဗမို မိသားစု၊ စင်ကွင်း | ၂၅ |
| | ဦးသန်းရွှေ-ဒေါ်တင်အိ မိသားစု၊ ၅၁ လမ်း | ၁၁ |
| | ဦးကြီးမြင့်-ဒေါ်ငိန်စိန်-မိသားစု | ၅ |

၁၃။ ဦးနိုင်-ဒေါ်နုနု ၄၉-လမ်း။ ၂၀
၁၄။ ဦးလတ် ၄၅-လမ်း။ ၁၀
၁၅။ ဦးကြည်-ဒေါ်ခင်ဝင်း မိသားစု ၃၀-လမ်း။ ၁၀
၁၆။ ဦးဘိုးစိန်-ဒေါ်ခင်ကြည် ၅၂-လမ်း။ ၁၀
၁၇။ ဒေါ်စိန်မြ၊ ဒေါ်မြရင် သဃ်န်းကျွန်း။ ၁၀
၁၈။ ဒေါ်တင်လှ၊ ဒေါ်ညွန့်ညွန့် ၁၃၂-လမ်း။ ၁၀
၁၉။ ဒေါ်စိုးရင် အမ္ဗာရာမကျောင်း။ ၁၀
၂၀။ ဦးအာသဖ ။ ၁၀
၂၁။ ဦးကုသလ ။ ၁၀
၂၂။ ဦးချစ်မောင် အင်းနစ်လမ်း။ ၁၀
၂၃။ ဦးသောင်းစိန်-ဒေါ်မြသိန်း၊ သမီး သန်းသန်း ၁၀
၂၄။ ဦးသိန်းညို-ဒေါ်လှသိန်း မိသားစု ၉၀၊၄၇-လမ်း။ ၆
၂၅။ ဒေါ်တင်နု၊ ဆေးရိုးတန်း။ ၅
၂၆။ ဦးစိန်ရောင်-ဒေါ်သန်းကြည် မိသားစု။ ၅
၂၇။ ဦးကျော်မြ-ဒေါ်စိန်မြ အင်းနစ်လမ်း။ ၅
၂၈။ ဒေါ်ခင်ကြည် ။ ၅
၂၉။ ဒေါ်သန်းစိန် အမ္ဗာရာမကျောင်း ၅
၃၀။ ဒေါ်ကျော့စိန် မိသားစု အမ္ဗာရာမကျောင်း။ ၅
၃၁။ ဒေါ်အေးကြိုင် ။ ။ ၅
၃၂။ ဒေါ်ကြဲင်စိန်၊ ဒေါ်ကြင်ပိုင် ။ ၅
၃၃။ ဦးထွန်း ဗဟိုစည်ရပ်ကွက်။ ၅
၃၄။ ဒေါ်သင်းခြုံ ၈

၃၅။ ဦးအေးကြည် ၂-လမ်း။
၃၆။ ဦးအုန်းမြိုင်-ဒေါ်မြရင် ထီးတန်း။
၃၇။ ဦးသူငယ်
၃၈။ ဦးဘညွန့်-ဒေါ်လုံး
၃၉။ ဒေါ်လှထူး
၄၀။ ဦးလှရွှေ ၈၈ ၁၆-လမ်း။
၄၁။ ဒေါ်တင် တတိယ သော်မဆင်
၄၂။ ဦးဖိုးမြ-ဒေါ်စောခင် သား ခင်မောင်စိုး ရေကျော်
၄၃။ ဦးတင်မောင်-ဒေါ်မေရီ မိသားစု ဗိုလ်ချုပ်လမ်း။
၄၄။ ဦးဘငွေ-ဒေါ်နက် မိသားစု ပုဇွန်တောင်ဈေး။
၄၅။ ဦးတင်စိုး-ဒေါ်ဖွားညွန့်
၄၆။ ဦးကြင်မောင် ၁၄၄၊ ၅၀-လမ်း။
၄၇။ ဦးဝင်း-ဒေါ်လှ
၄၈။ ဦးသိန်းအောင်-ဒေါ်စောမြင့်
၄၉။ ဒေါ်အေးရှိန် ၃-လမ်း။
၅၀။ ဒေါ်ခင်ကြည် အင်းနှစ်လမ်း။
၅၁။ ဒေါ်ခင်သိန်း ထီးတန်း။
၅၂။ ဦးချစ်မောင် ၅၁-လမ်း။
၅၃။ ဒေါ်စောမြင့် ချင်းချောင်းလမ်း။
၅၄။ မောင်တိုးအောင်
၅၅။ မောင်ညိုညို
၅၆။ မောင်ဇော်လင်း
၅၇။ မောင်ဉာဏ်လင်း

၅၈။ မောင်ရဲမြိုင် ၃
၅၉။ မမြညို ၃
၆၀။ ဒေါ်စိန်ကြည် တက္ကသိုလ်ရိပ်သာ ၃
၆၁။ ဒေါ်စိန်စိန် သရက်တော။ ၃
၆၂။ ဒေါ်အေးကြိုင် ၁-လမ်း။ ၃
၆၃။ ဒေါ်နွဲ့ ၃
၆၄။ ဒေါ်သန်း ချင်းချောင်းခြံ။ ၃
၆၅။ ဒေါ်မြဖြူ ဖဆပလ။ ၃
၆၆။ ဒေါ်ခင်မြ မစ်ရှင်လမ်း။ ၂
၆၇။ ဒေါ်အေးသန်း စလင်းလမ်း။ ၁
၆၈။ ဒေါ်မြသိန်း မီးရထားဝင်း။ ၁
၆၉။ ဒေါ်အေးတင် ကမ်းနားလမ်း။ ၁
၇၀။ ဒေါ်ခင်ညို ၁
၇၁။ ဦးစံသိန်း တောင်ဥက္ကလာ။ ၁၀
၇၂။ ဒေါ်ညွန့် ။ ၁၀

## အသျှင် ဦးတိက္ခိန္ဒြိယဝိပဿနာအဖွဲ့

## လက်ပံတန်း

၁။ ဦးဘထင်-ဒေါ်ခင်သိန်း မိသားစု၊ ဗောဓိကလေး ၂၀
၂။ ဦးသိန်း-ဒေါ်နွယ် ဘီးလင်းတန်း ၂၀
၃။ ဦးလှမောင်-ဒေါ်နှင်း၊ ဘီးလင်းတန်း ၂၀

၄။ ဦးကံထွန်း-ဒေါ်သွယ် နတ်စင်ကုန်း ၂၀

၅။ ဦးကျော်စိန်-ဒေါ်တင်လှ စက်ပိုင်ရှင် ဘီးလင်းတန်း ၂၀

၆။ ဦးမွန်း-ဒေါ်လွင် ။ ၁၀

၇။ ဦးထွန်းရွှေ-ဒေါ်ခင်ညွန့် စက်ပိုင်ရှင် ၁၀

၈။ ဒေါ်စောတင်၊ဒေါ်တင်တင် ဘီးလင်းတန်း၊ ၁၀

၉။ ဒေါ်ဖူးကြိုင်၊ သား မောင်သောင်းမောင် ....
ပေါက်ကုန်းတန်း ၇

၁၀။ ဦးထွန်းမောင်-ဒေါ်အေးစိန် စက်ပိုင်ရှင် ....
ဘီးလင်းတန်း၊ ၅

၁၁။ ဒေါ်ကျော့နှင့် ဦးထွန်းရှိန်-ဒေါ်ရီ ဘုရားကြီးတန်း ၅

၁၂။ ဦးထွန်းရွှေ-ဒေါ်သောင်းရွှေ ၂-လမ်း၊ ၅

၁၃။ ဦးထွန်းကျော်-ဒေါ်လှမြင့် ကျောင်းဆရာ ....
မင်္ဂလာသီရိလမ်း၊ ၅

၁၄။ ဦးသာထူး-ဒေါ်အေးချို ၅

၁၅။ ဆရာကြိုင်-ဒေါ်ပုကြီး အောင်သိဒ္ဓိလမ်း၊ ၅

၁၆။ ဆရာသက်၊ သမီး-ဒေါ်တင်မြ ဘီးလင်းတန်း ၅

၁၇။ ဦးဘိုးချိတ်-ဒေါ်လှသီ ။ ၅

၁၈။ ဦးလှမောင်-ဒေါ်အေးတင် ဘုရားကြီးလမ်း၊ ၅

၁၉။ ဦးကြင်ယုံ-ဒေါ်ရင်မေ၊ ဘီးလင်းတန်း ၅

၂၀။ ဦးလှထွန်း-ဒေါ်ကြည်မြင့်နှင့်သားမောင်မင်းသော် ....
ဘုရားကြီးလမ်း၊ ၅

၂၁။ ဒေါ်လှညွန့်၊ ကိုကျော်မြင့်၊ မခင်သန်း၊ ၅

၂၂။ ဦးဘိုးငွေ-ဒေါ်အေးတင် ဘုရားကြီးလမ်း၊ ၃

၂၃။ ဦးမောင်တင်-ဒေါ်လှရွှေ ဘီးလင်းတန်း ၃
၂၄။ ဦးထွန်းစိန် ၁၀
၂၅။ ဒေါ်တင်တင် သမီး မရင်အေး ၁၀
၂၆။ ဦးချစ်လှိုင်-ဒေါ်ခင်ဆိုင် နတ်ဖန်ကွင်း ၁၀
၂၇။ ဦးပဲ ။ ၁၀
၂၈။ ဦးကုလား ။ ၁၀
၂၉။ ဦးမောင်ဟန်-ဒေါ်သိန်းကြည် ။ ၁၀
၃၀။ ဦးအုန်းတင် ။ ၁၀
၃၁။ ဒေါ်ငွေရှင် ။ ၁၀
၃၂။ ဆရာချင်း ။ ၁၀
၃၃။ ဦးမောင်ကျော့-ဇနီးမအေးမြင့်၊ လက်ပံတန်း ၃၀
၃၄။ ဦးသက်ထွန်းဦး၊ ဦးတိက္ခိန္ဒြိယ ဝိပဿနာ စစ်ကွင်းမြို့ ၁၀

## အသျှင် ဦးတိက္ခိန္ဒြိယ ဝိပဿနာအဖွဲ့

## ရွှေတောင်

၁။ ဦးစံသိန်း-ဒေါ်စိုးကြည်နှင့် မိသားစု ....
ညောင်ဝိုင်း ရွှေတောင် ၁၀၀
၂။ ဦးငြိမ်း အမ္ဗာရာမ ၂၀
၃။ ဒေါ်ညွန့်မေ၊ သမီးစန်းစန်းဝင်း ဖိုးခေါင် ၁၀
၃၊ ဒေါ်စန္ဒဝတီ ဆရာမကြီး အမ္ဗာရာမ ၈၀

## ရနိုင်သောစာအုပ်များ

မုသပ္ပါဒနိရောဓဂကျမ်း– ပ–တွဲ၊ ဒု–တွဲ

ဘာဝနက္ကမကျမ်း–

ဘာဝနာနယဒဿနကျမ်း–

ပရမတ္ထာဒိနယကျမ်း–

နိဗ္ဗာနစက္ခုကျမ်း–

ဝိပဿနာလမ်းမှန်ကျမ်း–

ရုပ်နာမ်အစ နိဗ္ဗာန်ပြကျမ်း–

ဝေဒနာဒ်ပဿနာကျမ်း–

## စာအုပ်ရနိုင်သောဌာန

အမှတ် ၁၇၉၊ ၅၁-လမ်း၊ ရန်ကုန်မြို့။


အမ္ဗာရာမတိုက်
ဦးတိက္ခိန္ဒြိယ ဝိပဿနာအဖွဲ့
ရွှေတောင်မြို့နယ်-ရန်ကုန်မြို့